ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (9-12-2009)(၆၂၄၇)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့၌ကျင်းပမည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား လှည့်လည်ကြည့်ရှု

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် ဒီဇင်ဘာ ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့၌ ကျင်းပမည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား၌ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျိုင်းတုံလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာ ဦးမင်းစန်းမွန်က မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျိုင်းတုံ-မိုင်းဆတ်လမ်းပိုင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စာမျက်နှာ ၇ ကော်လံ ၁ သို့❖

### ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ကျိုင်းတုံ-မိုင်းဆတ်လမ်းပိုင်း ဆင်နှစ်ကောင်တောင်ကုန်းရှိ ရထားလမ်းဖြတ်ရေပြွန် တည်ဆောက်မှုလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ကြေးမုံ The Mirror

၉-၁၂-၂၀၀၉
(ဗုဒ္ဓဟူးနေ့)

# နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေး လွှမ်းခြုံဖြစ်တည်နေ

မြန်မာနိုင်ငံအတွင်း ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကာ ချစ်ခင်ရင်းနှီး ပေါင်းစည်းနေထိုင်လျက်ရှိကြသည်။ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း သမိုင်းအတွေ့အကြုံများအရ တိုင်းရင်းသားများအားလုံးက ယုံကြည်လက်ခံထားသည်။

တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးပါဝင်သည့် မိသားစုကို အခြေခံဖွဲ့စည်းထားသော နိုင်ငံဖြစ်ရာ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ချစ်ခင်ခြင်း အကျိုးတရားများ လွှမ်းခြုံဖြစ်တည်နေသည်။ ထို့ကြောင့်ပင် နိုင်ငံတော်အစိုးရက ခေတ်အဆက်ဆက် တိုင်းရင်းသားလူမျိုးများအပေါ် တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ ဆက်ဆံ၍ တူညီသောအခွင့်အလမ်းများ ဖော်ဆောင်ပေးခဲ့သည်။

နိုင်ငံတော်၏ စိတ်ရင်းစေတနာကောင်းဖြင့် ဖိတ်ခေါ်ကြိုဆိုမှုများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများရှိရာ ဒေသများသည် အထူးဒေသများအဖြစ် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ဒေသတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ငြိမ်းချမ်းရေး၏ ရလဒ်ကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ဒေသခံပြည်သူများ ရရှိခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှု အစီအစဉ်များ ပြုလုပ်လျက်ရှိသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားကို လောက်ကိုင်ခရိုင် စီအောဒေသ၌ ဒီဇင်ဘာလ ၄ ရက်နေ့က စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထို့အတူ ကချင်ပြည်နယ် အထူးဒေသ(၁) (NDAK) အဖွဲ့၏ နယ်ခြားစောင့်တပ်များကို ကချင်ပြည်နယ် ဂန့်ဂွင်း၊ လုပီ၊ စင်ကြိုင်ဒေသတို့နှင့် ကယားပြည်နယ်အထူးဒေသ(၂) (ကလလတ) အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအခမ်းအနားတို့ကို ကယားပြည်နယ် ပန်တိန်းနှင့် စွပ်ပိုင်ဒေသတို့၌ နိုဝင်ဘာ ၈ ရက်နေ့က ကျင်းပခဲ့ကြသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများသည် နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ဥပဒေဘောင်အတွင်း တရားဝင် လက်နက်ကိုင်ဆောင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ခွင့် ရရှိကြပြီဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး ရေးရှုပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြခြင်းဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေး လွှမ်းခြုံဖြစ်တည်နေမည် ဖြစ်ပါသည်။ ။

## အထက မိုးညို အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၈**

ပဲခူးတိုင်း မိုးညိုမြို့ အထကမှ အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို (၁၁)ကြိမ်မြောက်အဖြစ် အဆိုပါကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၆ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးအုန်းဟန် ဖုန်း-၀၁-၅၆၆၂၂၁၊ ဦးကျော်စိုး ဖုန်း-၀၁-၂၁၁၃၃၂နှင့် ဦးတင်အောင်ခိုင် (မန္တလေး) ဖုန်း-၀၉-၂၀၀၀၃၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၅ ရက်က ကျင်းပရာ ၁၀ နှစ်ဆက်တိုက် ခွင့်ပျက်ရက်မရှိ ကျောင်းတက်ရက်မှန် ဆုရရှိသော ဆရာမဒေါ်နီနီထူးအား အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းစံအောင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၈

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းသုံးသပ်ပြီး နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီကျော်လွန်နိုင်စေရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။ ယင်းနောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်က လုပ်ငန်းလမ်းညွှန်ချက်များကို ပြန်လည် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## အထက ကျိုက်မရော အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ကျိုက်မရောမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် အဆိုပါကျောင်း စုံညီခန်းမ၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲ အခမ်းအနားသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးရဲမြင့် ဖုန်း-၀၉-၅၁၄၀၅၀၄၊ ဦးခင်အောင် ဖုန်း-၀၁-၂၉၅၄၆၅၊ ဦးကျော်မြင့် ဖုန်း-၀၁-၅၅၇၄၀၈၊ ဒေါ်ရင်ရင်ကြည် ဖုန်း-၀၅၆-၂၂၂၇၁၊ ဦးလှသန်းနိုင်(ကျိုက်မရော) ဖုန်း-၀၉-၈၇၀၁၄၇၁နှင့် ကျောင်းအုပ်ကြီး (ကျိုက်မရော အထက) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၈**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှ- ပစိဖိတ်ဌာနမှ ဒုတိယအကြီးအကဲ 2009 IMF Article IV Consultation Mission အဖွဲ့ခေါင်းဆောင် Ms. Meral Karasulu နှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၁၉၈၆ ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

၁၉၈၆ ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (စနေနေ့)နံနက် ၁၀ နာရီတွင် ပန်ဒါဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးအောင်နိုင်လေး ဖုန်း-၀၉-၈၀၂၀၂၀၉၊ ၀၉-၅၁၀၀၂၇၇၊ ဗိုလ်မှူးစိုးညွှန့်(ငြိမ်း) ဖုန်း-၀၉-၅၁၃၂၃၄၅၊ ၀၁-၅၄၀၀၁၆၊ ဦးညီလေးနိုင် ဖုန်း-၀၉-၈၀၂၄၁၉၂၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၂၁၁၅၆၊ ၀၁-၄၀၀၁၅၈၊ ဦးညီညီလွင် ဖုန်း-၀၉-၅၀၁၂၉၇၉၊ ၀၁-၆၆၀၃၄၆၊ ဒေါ်မြမြ မိုး ဖုန်း-၀၉-၅၀၀၃၈၈၅၊ ၀၁-၅၁၉၀၀၄၊ ဒေါက်တာသန်းသန်းသွယ် ဖုန်း-၀၉-၅၁၅၁၇၄၅၊ ၀၁-၅၂၆၄၀၃ နှင့် ဒေါ်ဝါဝါမြ ဖုန်း- ၀၉-၅၁၇၅၅၉၀၊ ၀၁-၅၅၅၄၈၆ တို့သို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

**ဥတုရာသီ တောကိုမှီ၏**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဆာပါချောင်ကျောင်းစုရပ်ကွက်ရှိ အမှတ်(၁၁)အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၄ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးခင် ဒုတိယတန်း ပထမဆုရ မောင်ဖုန်းသက်ကျော်အား ဆုချီးမြှင့်စဉ်။ (မြို့နယ်စာနယ်ဇင်း)

## ဂုဏ်ပြုအမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဓမ္မပူဇာတေးနှင့် နိုင်ငံအကျိုးပြု တေးသီချင်း ရေးစပ်ရာတွင် ပါဝင်ကူညီခဲ့ကြသည့် အကြံပေးပုဂ္ဂိုလ်များ၊ တေးရေးပညာရှင်များနှင့် တေးသံရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

## ဓမ္မတေးရေးပညာရှင်များနှင့် တေးသံရှင်များ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၈

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ) ခန်းမ၌ ကျင်းပသော ဓမ္မပူဇာတေးနှင့် နိုင်ငံအကျိုးပြု တေးသီချင်းရေးစပ်ရာတွင် ပါဝင်ကူညီခဲ့ကြသည့် အကြံပေးပုဂ္ဂိုလ်များ၊ တေးရေးပညာရှင်များနှင့် တေးသံရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တေးသီချင်း ရေးစပ်ကြသည့် တေးရေးပညာရှင်များ၊ တေးသံရှင်များနှင့် အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဓမ္မပူဇာတေးနှင့် နိုင်ငံအကျိုးပြုတေးသီချင်း ရေးစပ်ရာတွင် ပါဝင်ကူညီပေးခဲ့ကြသော သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဦးအုံ့မောင်နှင့် ဦးမင်းကြည်တို့အား လည်းကောင်း၊ အလှူရှင်များဖြစ်ကြသည့် ငွေကျပ် ၂၈သိန်း လှူဒါန်းသော ဦးဝင်းမော် (Forever Group Co., Ltd.) နှင့် ငွေကျပ် ၁၆သိန်းလှူဒါန်းသော ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ) တို့အား လည်းကောင်း၊ တရားတော်များ နောက်ခံတေးအသံသွင်းမှုကို ကူညီပေးခဲ့သူ ဦးဝဏ္ဏတင်စိုး(စံပယ်ဦးစတူဒီယို) ကိုယ်စား တေးသံရှင် ဦးသန်းမြတ်စိုးအား လည်းကောင်း၊ မြန်မာသံ ဓမ္မပူဇာတေးရေးပညာရှင်များကိုယ်စား မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်အား လည်းကောင်း၊ မြန်မာသံဓမ္မပူဇာတေးသီဆိုသူများကိုယ်စား တေးသံရှင် ဒေါ်ထားအားလည်းကောင်း၊ စတီရီယိုဓမ္မပူဇာတေး တေးရေးပညာရှင်များကိုယ်စား တေးရေးပညာရှင် သုခမိန်လှိုင်အားလည်းကောင်း၊စတီရီယိုဓမ္မပူဇာတေးသီဆိုသူများကိုယ်စား တေးသံရှင် ဟေမာနေဝင်းအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုတေးရေးပညာရှင်များကိုယ်စား တေးရေးပညာရှင်ကြီး ဗိုလ်ကလေးတင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဓမ္မပူဇာတေးနှင့် နိုင်ငံအကျိုးပြုတေးသီချင်း ရေးစပ်ရာတွင် ပါဝင်ကူညီပေးခဲ့သော စတီရီယိုဓမ္မပူဇာတေး သီဆိုသူများကိုယ်စား တေးသံရှင် ဟေမာနေဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၉-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo<br>ပဌာန်းပါဠိတော်+<br>ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၁၅ | MRTV-4 သတင်း |
| ၆း၀၀ | "တရားထိုင်လို့ တရားရ"<br>တရားတော်<br>အရှင်ဥတ္တရ(ကျိုက်ဒေးယျုံ ဆရာတော်) |
| ၆း၅၀ | စေတီတို့ရဲ့နောင်တော်<br>တွံတေးရွှေဆံတော် |
| ၇း၀၀ | MRTV-4 သတင်း |
| ၇း၄၅ | ဗီဒီယိုပြခန်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါ မေတ္တာရိပ်မှာ" (အပိုင်း-၂၁)** |
| ၈း၃၀ | Sports World<br>[Timber Sport (Part-1)] |
| ၈း၅၅ | Activities In The City<br>(အလက-၁၊ ရန်ကင်း<br>အာစရိယပူဇော်ပွဲ) |
| ၉း၁၀ | စားချင်စဖွယ် နည်းအသွယ်သွယ်<br>Tomato & Mozzarella Chese Salad နှင့် Roast beef chop ပြုလုပ်နည်း |
| ၉း၃၀ | အားကစားမြင်ကွင်းစုံ |
| ၁၀း၀၀ | နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ<br>မြတ်သောအလှူ |
| ၁၀း၂၀ | Milestones of Contemporary Music Selection |
| ၁၀း၄၀ | Industrial Talk |
| ၁၁း၀၅ | မင်းမသိသေးပါဘူးကွာ<br>(ဧရာ၊ ငှက်ပျောကျော်၊<br>ကြူကြူသင်း၊ အေးအေးခိုင်)<br>(ဒါရိုက်တာ-ဆွေဇင်ထိုက်) |
| ၁၁း၁၅ | လောကကိုအလှဆင်မည့်<br>ပန်းများရဲ့ဥယျာဉ် |
| ၁၁း၃၀ | ကြည်နူးစရာလက်ဆောင်အဖြာဖြာ<br>(Lucky Prize Floral Service ၏<br>ပန်းအလှပြုလုပ်နည်း) |
| ၁၁း၅၀ | English Language Competition<br>(Part-2) (Advance) |
| ၁၂း၁၅ | စတိုင်ကျလှပစေတာ<br>Art & T8 မှာ |
| ၁၂း၄၀ | အဓိဋ္ဌာန်ပြုကာဆုခြွေမည်<br>ဦးရာဇ်ဖော်စေတီ |
| ၁း၀၀ | "တရားထိုင်လို့ တရားရ"<br>တရားတော်<br>(အရှင်ဥတ္တရ<br>ကျိုက်ဒေးယျုံဆရာတော်) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၄၅ | စကားနပန်း<br>(ဘာသာစကားမျိုးစုံတတ်တာ ကောင်းတယ်၊ ဘာသာစကား မျိုးစုံမတတ်တာကောင်းတယ်) |
| ၃း၄၀ | ပန်းတစ်ပွင့်တောင်မှ<br>ဝိဇာတမွေးနေ့မင်္ဂလာ |
| ၄း၀၀ | **(၂၅)ကြိမ်မြောက်<br>အရှေ့တောင်အာရှ<br>အားကစားပြိုင်ပွဲ<br>ဖွင့်ပွဲအခမ်းအနား<br>တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်** |
| ၇း၄၀ | Milestones of Contemporary Music Selection |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | စကားနပန်း<br>(ဘာသာစကားမျိုးစုံတတ်တာ ကောင်းတယ်၊ ဘာသာစကား မျိုးစုံမတတ်တာကောင်းတယ်) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နားခိုလိုက်ပါမေတ္တာရိပ်မှာ" (အပိုင်း-၂၁)** |
| ၁၀း၀၀ | ဓာတ်ပုံထဲမှအမှတ်တရများ<br>(ခင်လှိုင်၏ဓာတ်ပုံထဲမှ<br>အမှတ်တရများ) |
| ၁၀း၂၀ | MRTV-4 ကျန်းမာရေးကဏ္ဍ<br>(လိပ်ခေါင်းရောဂါကင်းဝေးရာ<br>သိဖွယ်နည်းလမ်းများ)<br>(အပိုင်း-၁) |
| ၁၀း၄၀ | သီချင်းကောင်းကောင်း<br>သီချင်းတောင်း |
| ၁၁း၀၅ | Industrial Talk |
| ၁၁း၃၀ | ချောင်းမကြီး (မြို့လှ)<br>ရေလှောင်တမံ |
| ၁၁း၄၀ | JICA Myanmar ၏ မေတ္တာ<br>ကွန်ရက်များဆီသို့ . .<br>(အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း)<br>(ဂျုန်းလှိုးကျေးရွာ) |
| ၁၁း၅၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၁း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# သုတပဒေသာစာစောင် ဈေးနှုန်းပြောင်းလဲ ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ထုတ်ဝေလျက်ရှိသည့် လစဉ်ထုတ် သုတပဒေသာစာစောင်ကို ထင်ရှားသည့် ဘာသာပြန်စာပေပညာရှင်၊ ပန်းချီပညာရှင်များ၏ လက်ရာများဖြင့် အသွင်သစ် ထုတ်ဝေမည်ဖြစ်ရာ ၂၀၁၀ခုနှစ် ဇန်နဝါရီထုတ် အတွဲ(၃၇)၊ အမှတ်(၁)မှစ၍ ဈေးနှုန်းကို ကျပ် ၈၀၀ ဖြင့် ဖြန့်ချိရောင်းချတော့မည်ဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို လစဉ်မှာကြား ဝယ်ယူလိုပါက ကိုယ်စားလှယ် ဈေးနှုန်း တစ်အုပ်လျှင် ကျပ် ၇၀၀ ဖြင့် စာပေဗိမာန်အရောင်းဌာန အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁သို့ ဆက်သွယ်မှာကြားဝယ်ယူနိုင်ပြီး သုတပဒေသာစာစောင်တွင် ကြော်ငြာများထည့်သွင်းလိုပါက သုတပဒေသာ စာတည်းအဖွဲ့ ဖုန်း-၀၁-၃၈၇၇၂၄သို့ ဆက်သွယ်ထည့်သွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဖျာပုံမြို့ အထက(၁) အမျိုးသားကျောင်း နှစ်(၉၀)ပြည့် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း-၁၉၂၀)၏ နှစ်(၉၀)ပြည့်နှင့် (၁၀)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်နှင့် ၃ရက်တို့တွင် မိတ်ဆုံ ညစာစားပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲ၊ နံရံကပ်စာပေနှင့်ပန်းချီပြပွဲ၊ ဓာတ်ပုံပြပွဲတို့ဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါကျောင်း၌ ၁၉၂၀မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီး ၁၀၅ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ရပ်ဝေးဆရာကြီး၊ဆရာမကြီးများအား အဖော်တစ်ဦးအတွက်ပါ လမ်းစရိတ်နှင့် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအတွက် စရိတ်ကျခံပေးမည်ဖြစ်ကြောင်း၊ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးအင်းရှောက် ဖုန်း-၀၅၄-၄၀၅၇၈၊ ဦးသက်စိန် ဖုန်း-၀၅၄-၄၀၀၄၈၊ဦးညွန့်ဝေ ဖုန်း-၀၅၄-၄၀၁၂၄၊ ဦးစန်းလွင် ဖုန်း-၀၂-၃၂၃၇၆၊ ဦးမြဦး ဖုန်း-၀၁-၆၆၀၁၃၁၊ ၀၁-၂၂၉၉၄၅နှင့် ဦးအောင်သန်း ဖုန်း-၀၉-၅၁၄၅၂၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စွမ်းအင်ဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ကော်မတီက ကြီးမှူးကျင်းပသည့် "ကမ္ဘာ့စွမ်းအင် အကျပ်အတည်းအတွက် သန့်ရှင်းသော စွမ်းအင်များ၊ ပြန်ပြည့်မြဲစွမ်းအင်များ၊ နျူကလီးယားစွမ်းအင်၊ ဟိုက်ဒရိုဂျင်စွမ်းအင် နှင့် မြန်မာပြည်"ဆိုင်ရာ စာတမ်းဖတ်ပွဲ (၁၀/ ၂၀၀၇-၂၀၀၉)ကို ဒီဇင်ဘာ ၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များလှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ဦးမောင်မောင် [လက်ထောက်အင်ဂျင်နီယာချုပ် (ငြိမ်း)၊ မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း] က ဆွေးနွေးဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၈

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၄၈ တွင် "Political Times"အထူးအချပ်ပိုအပါအဝင် "တကယ်စန်းထတော့မှာလား မြန်မာ့ခရီးသွား" မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ 'ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ' ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် သခင်တင်မြ၏ "မောင်စူးစမ်းမွေးနေ့ပွဲ အတွေ့အကြုံ"၊ ဆရာမောင်စူးစမ်း၏ 'ပကတိအဖြစ်စိတ္တဇဖြင့် မကြည့်ထိုက်"၊ ဆရာဒေါက်တာနေဇင်လတ်၏ "နိုင်ငံရေးစနစ်သို့ ချဉ်းကပ်မှုသုံးမျိုး"၊ ဆရာဦးကိုကိုလှိုင်၏ "မတ်တပ်ပြေးစ ဒီမိုကရေစီများ"စသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ လျှပ်စစ်ထုတ်ယူရန် မြန်မာ့ပထမဆုံး ဆိုလာဓာတ်အားစက်ရုံ တရုတ်(တိုင်ပေ)က တည်ဆောက်ရန် ညှိနှိုင်းနေ၊ ဂျပန်မဟာမဲခေါင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုအဖွဲ့က မြန်မာနိုင်ငံတွင် ပထမဆုံးလာရောက်ရင်းနှီးမြှုပ်နှံလို၊ မြန်မာ့ပထမဆုံး နိုင်ငံတကာအဆင့်မီ လိပ်ပြာပြတိုက်၊ အင်ကြင်းကျောက်ပြတိုက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်များဖွင့်၊ရွှေဈေးကွက် အတက်ကြမ်းပြီး အကျနှေးနေ၊ "ပိုက်ဆံရှိ ပိုက်ဆံ သုံးနိုင်တဲ့ ဈေးကွက်သစ်တွေရလာတယ်" ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တွေ့ဆုံခြင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ "ဘယ်လိုစေ့စပ်ညှိနှိုင်းမလဲ"၊ "အိုင်စီဝိုင်းနဲ့ သီချင်းအယ်လ်ဘမ်အသစ်တစ်ခုထုတ်ဖို့ စီစဉ်နေပါတယ်" မေဆွိနှင့် တွေ့ဆုံခြင်းစသည့် ဖျော်ဖြေရေးကဏ္ဍများ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အာရှမှသည် အရှေ့တောင်အာရှဆီသို့ ပိုမိုချဉ်းကပ်မှုပြုရန် ရုရှားကြံရွယ်လာ၊ အာရှတစ်လွှားတွင် မခိုင်မာသော ငွေကြေးပလုံစီထမှုများ ပျံ့နှံ့နေ၊ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခံရရုံမျှဖြင့် ဘဝမဆုံးပါ၊ "အင်္ဂလန် ဟက်ဇ်ဇီတန်လမ်းဆုံတွင် ကားတိုက်မှုဖြစ် ကောလိပ်ကျောင်းဆရာမသေဆုံး၊ ၁၃ နှစ်အရွယ်သမီး အကြောသေကာ သားဖြစ်သူပြင်းထန်စွာ ဒဏ်ရာရ" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ်သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

# ရုရှားနှင့်အိန္ဒိယနျူကလီးယားပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

**မော်စကို ဒီဇင်ဘာ ၈**

ရုရှားနှင့်အိန္ဒိယနိုင်ငံတို့သည် အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် တနင်္လာနေ့က သဘောတူညီခဲ့ကြသည်။

အဆိုပါနှစ်နိုင်ငံသည် လေယာဉ်တင်သင်္ဘောတစ်စင်း မွမ်းမံပြင်ဆင်ရေးကိစ္စနှင့် ပတ်သက်၍လည်း အငြင်းပွားမှု အဆုံးသတ်ခဲ့ပြီဟု ဆိုသည်။

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဖ်နှင့် အလည်အပတ်ရောက်ရှိနေသော အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ရုရှားက အိန္ဒိယတွင် နျူကလီးယား အဏုမြူဓာတ်ပေါင်းဖိုလေးလုံး ထပ်မံတည်ဆောက်ရန် ကူညီမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ကူဒန်ကူလန်၌ တည်ဆောက်နေသော နျူကလီးယားဓာတ်အားပေးစက်ရုံကို လာမည့်နှစ်တွင် စတင်လည်ပတ်ရန် စီစဉ်ထားကြောင်း၊ အဆိုပါ ဓာတ်ပေါင်းဖို လေးလုံးကို တည်ဆောက်ရန် အနောက်ဘင်္ဂလားပြည်နယ်ကို ရွေးချယ်ထားကြောင်း ဆင်းက ပြောကြားသည်။

ကူဒန်ကူလန် နျူကလီးယားဓာတ်အားပေးစက်ရုံကို ရုရှားက ဒီဇိုင်းပုံစံရေးဆွဲပြီး ရုရှားနည်းပညာနှင့် ကျွမ်းကျင်မှုတို့ကို အသုံးပြု တည်ဆောက်နေသည်။

တနင်္လာနေ့တွင် ရုရှားနှင့်အိန္ဒိယသည် အရပ်ဘက်သုံးနျူကလီးယားစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်ဟု ရုရှားနျူကလီးယားအကြီးအကဲဆာဂီကီရီယင်ကိုက ပြောကြားသည်။

ကရင်မလင်မှလာသော သတင်းအရ လေယာဉ်တင်သင်္ဘော မွမ်းမံပြင်ဆင်စရိတ် အငြင်းပွားမှုမှာ ပြီးဆုံးခဲ့ပြီဟု ဆိုသည်။

လွန်ခဲ့သောငါးနှစ်က ချုပ်ဆိုခဲ့သော စာချုပ်အရ မွမ်းမံပြင်ဆင်ပြီး လေယာဉ်တင်သင်္ဘောကို ရုရှားက အိန္ဒိယသို့ ၂၀၀၈ ခုနှစ်တွင် ပေးအပ်ရမည်ဖြစ်သည်။

၎င်းကို မွမ်းမံပြင်ဆင်ရာတွင် ကုန်ကျမည့်စရိတ်ကို လျှော့တွက်မိကြောင်း ပြောကြားပြီး ရုရှားက အိန္ဒိယထံမှ ကုန်ကျစရိတ် ထပ်မံတောင်းဆိုခဲ့သည်။

ရုရှားတို့ တောင်းဆိုသော စရိတ်သည် မတန်တဆ များလွန်းလှသည်ဟု အိန္ဒိယက ပြောကြားခဲ့သည်။ ***အင်တာနက်။***

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်းရှိ စီးပွားရေးဝန်ကြီးဌာနရုံးအနီးတွင် ကားဗုံးပေါက်ကွဲရာ သေဆုံးသူများအား ကယ်ဆယ်ရေးအဖွဲ့များက သယ်ဆောင်နေစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပက်ရှ်ဝါတွင် ဗုံးပေါက်ကွဲ ၁၁ဦးသေဆုံး၊ ၅၀ကျော်ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ပက်ရှ်ဝါမြို့တွင် တရားရုံးအဆောက်အအုံတစ်ခု၏ အပြင်ဘက်၌ ဗုံးတစ်လုံးပေါက်ကွဲရာ အနည်းဆုံး ၁၁ဦး သေဆုံးပြီး ၅၀ကျော်ဒဏ်ရာရရှိကြောင်း ဒီဇင်ဘာ ၇ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ဥပဒေမသက်ရောက်သည့် နယ်စပ်ဒေသများနှင့် မဝေးကွာသော ပက်ရှ်ဝါမြို့ပါကစ္စတန်စစ်တပ်၏ တောင်ဝါဇီရစ္စတန်ထိုးစစ်ကို လက်တုံ့ပြန်လိုသော စစ်သွေးကြွများ၏ ပြစ်မှတ်တစ်ခုဖြစ်လာသည်။

ရဲတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် အနည်းဆုံး ၁၁ ဦး သေဆုံး၍ ဒဏ်ရာရရှိသူ ၅၀ ကျော်ရှိကြောင်းပက်ရှ်ဝါဆေးရုံမှဒေါက်တာဂျာမဲလ်အာမက်က ပြောကြားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့နှင့် အစိုးရအဆောက်အအုံများမှာ စစ်သွေးကြွတို့၏ အဓိကပစ်မှတ်ဖြစ်နေသည်။ ***အင်တာနက်။***

# ဘဂ္ဂဒက်၌ ကားဗုံးများဆက်တိုက်ပေါက်ကွဲ ၁၂၈ ဦးသေဆုံးပြီး ၄၅၀ ကျော်ဒဏ်ရာရ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၈**

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့လယ် တစ်ဝိုက်တွင် အင်္ဂါနေ့ နံနက်ပိုင်းက နေရာလေးနေရာတွင် မိနစ်ပိုင်းအတွင်း ကားဗုံးပေါက်ကွဲမှုသုံးမှု ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကားဗုံးပေါက်ကွဲမှုများကြောင့် အနည်းဆုံး လူ၁၂၈ ဦး သေဆုံးခဲ့ရပြီး ၄၅၀ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ပြင်းထန်သောဗုံးပေါက်ကွဲမှုများကြောင့် ၁၀ မိုင်ပတ်လည်အတွင်းရှိ အဆောက်အအုံများပင် လှုပ်ခါခဲ့ကြောင်း သတင်းများအရ သိရသည်။

ကားဗုံးပေါက်ကွဲမှုတစ်ခုသည် ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ပိုင်းရှိ တရားရေးဝန်ထမ်း လေ့ကျင့်ရေးအကယ်ဒမီကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပြီး အီရတ်အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် စီးပွားရေးဝန်ကြီးဌာန အဆောက်အအုံများ၏အနီးတွင်လည်း ကားဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောက်တိုဘာလအတွင်းကလည်း ဆက်နွှယ်မှုရှိသော ဗုံးပေါက်ကွဲမှုများ ဘဂ္ဂဒက်မြို့တော်၌ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ၁၅၅ ဦးသေဆုံး၍ ရာပေါင်းများစွာဒဏ်ရာရရှိခဲ့သည်။

***အင်တာနက်။***

# ဘဂ္ဂဒက်ကျောင်းအတွင်း ဗုံးပေါက်ကွဲ ခုနစ်ဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အလယ်တန်းကျောင်းတစ်ကျောင်းတွင် တနင်္လာနေ့က ဗုံးတစ်လုံးပေါက်ကွဲရာခုနစ်ဦးသေဆုံးခဲ့ပြီး အများစုမှာ ကလေးများဖြစ်ကြသည်။

အနည်းဆုံးလူ ၃၀ဒဏ်ရာရရှိသည်ဟု သတင်းများတွင် ဖော်ပြပြီး သေဆုံးသူဦးရေ ထပ်မံတိုးလာရန် မျှော်လင့်ရသည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့ ရှီးယိုက်တို့နေထိုင်ရာ ဆာဒါစီးတီးရပ်ကွက် အဘာဒါအမျိုးသားကျောင်းတွင် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ ၁၀ မိနစ်၌ ဗုံးပေါက်ကွဲခြင်း ဖြစ်သည်။ အဆိုပါဆင်းရဲသားရပ်ကွက်သည် ရှီးယိုက် စစ်သွေးကြွများ၏ ခြေကုပ်စခန်းဖြစ်သည်ဟု ယူဆရသည်။

သေဆုံးသူနှင့် ဒဏ်ရာရရှိသူအများစုသည် ၁၂ နှစ်မှ ၁၄ နှစ်အရွယ်ကလေးများဖြစ်ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

# ရိုမေးနီးယားနိုင်ငံ သမ္မတရွေးကောက်ပွဲ လက်ရှိသမ္မတ အနိုင်ရရှိ

**ဘူခါရက် ဒီဇင်ဘာ ၈**

ရိုမေးနီးယားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိရိုမေးနီးယားသမ္မတ ထရိုင်အန်ဘာဆက်စကူအနိုင်ရရှိခဲ့သည်။

ဘာဆက်စကူသည် မဲအရေအတွက် ၅၀ ဒသမ ၄၃ ရာခိုင်နှုန်းရရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဟောင်း မီဆီယာဂျီအိုအနာက ၄၉ ဒသမ ၅၇ ရာခိုင်နှုန်းရရှိခဲ့သည်ဟု ရွေးကောက်ပွဲ အာဏာပိုင်များက ပြောကြားသည်။ မဲအရေအတွက်၏ ၉၅ ဒသမ ၇ ရာခိုင်နှုန်းကို ရေတွက်ပြီးစီးချိန်တွင် လက်ရှိသမ္မတ အနိုင်ရရှိကြောင်း သိရှိရသည်။

***အင်တာနက်။***

**ပက်ရှ်ဝါတွင် ဗုံးပေါက်ကွဲပြီးနောက် မီးခိုးများ အလုံးလိုက်တက်လာသည်ကို ဒီဇင်ဘာ ၇ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်ကားဈေးကွက် အရောင်းသွက်

**ပေကျင်း ဒီဇင်ဘာ ၈**

တရုတ်နိုင်ငံတွင်ယခုနှစ်ပထမခုနစ်လအတွင်း ကားအစီးရေ ၁၂ သန်းကျော် ရောင်းချနိုင်ခဲ့ကြောင်း၊ ယမန်နှစ်အလားတူကာလက ရောင်းချရမှုမှာ ၈ ဒသမ ၆သန်းသာ ရှိခဲ့ကြောင်း တရုတ်မော်တော်ယာဉ် ထုတ်လုပ်ရောင်းချသူများအသင်း၏ပဏာမစာရင်းဇယားများကို ကိုးကား၍ဆင်ဟွာသတင်းဌာနကတနင်္လာနေ့တွင် ဖော်ပြသည်။

၂၀၀၈ခုနှစ်က စုစုပေါင်း ရောင်းချရမှုမှာ ကားအစီးရေ ၉ ဒသမ ၄ သန်းရှိခဲ့ပြီး ၂၀၀၇ ခုနှစ်ကထက် ၈ ရာခိုင်နှုန်းတိုးလာခဲ့သည်။

တရုတ်မော်တော်ယာဉ်ထုတ်လုပ်ရောင်းချသူများအသင်း၏ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒေါင်ယန်က ၂၀၀၉ခုနှစ်တွင် ကားအစီးရေ ၁၃ သန်းထက် ပိုမို ရောင်းချနိုင်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။



**တရုတ်နိုင်ငံမှ ထုတ်လုပ်သော ကားများကို ကားဈေးကွက်၌ ဒီဇင်ဘာ ၇ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**ဖော်ပြထား**

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ကားဈေးကွက်တည်ရှိရာ နိုင်ငံဖြစ်သည်။ ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ကားထုတ်လုပ်ရောင်းချသူ အများစုမှာ ဝယ်လိုအားကျဆင်းမှုနှင့် ရင်ဆိုင်နေရသော်လည်း တရုတ်ကားဈေးကွက်မှာမူ ဝယ်လိုအား မြင့်တက်လျက်ရှိသည်။

နိုဝင်ဘာလတွင် တရုတ်ကားဈေးကွက်၌ ကားအစီးရေ ၁ဒသမ ၃၅ သန်းအထိ ရောင်းချနိုင်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ၏အကြီးမားဆုံး ရှန်ဟိုင်းကားထုတ်လုပ်ရေး ကော်ပိုရေးရှင်း၏ စာရင်းဇယားများတွင် ယခုနှစ်ပထမ ၁၁ လအတွင်း ကားအစီးရေ ၂ဒသမ ၄သန်း ရောင်းချနိုင်ခဲ့ရာ နှစ်အလိုက် ၅၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဖော်ပြထားသည်။

***အင်တာနက်။***

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အလယ်တန်းကျောင်း၌ ဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိသွားသော ကလေးတစ်ဦးကို ဒီဇင်ဘာ ၇ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ၂၀၀၉ ခုနှစ်အတွင်း အာဖဂန်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀ သေဆုံးခဲ့ရ

**လန်ဒန် ဒီဇင်ဘာ ၈**

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့ကြောင်း တနင်္လာနေ့က သတင်းထုတ်ပြန်ခဲ့ရာ ၂၀၀၉ ခုနှစ်အတွင်း အာဖဂန်နစ္စတန်တွင် သေဆုံးခဲ့ရသော ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေသည် ၁၀၀ အထိရှိခဲ့ပြီဖြစ်သည်။

သတင်းများ၏အဆိုအရအာဂျင်တီးနားနှင့်ဖြစ်ပွားခဲ့သည့် ဖောက်ကလန်ကျွန်းစစ်ပွဲ နောက်ပိုင်းကာလများတွင် ၂၀၀၉ ခုနှစ်သည် ဗြိတိသျှ တပ်ဖွဲ့ဝင်များအတွက် အသေအပျောက် အများဆုံးနှစ်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံသည် အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင် အင်အား ၁၀၀၀၀ စေလွှတ်ထားရာ အမေရိကန်ပြည်ထောင်စုပြီးလျှင် အာဖဂန်မြေပေါ်သို့ စစ်အင်အား အများဆုံးပို့လွှတ်ထားသော နိုင်ငံဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ဗြိတိန်အစိုးရသည် အာဖဂန်နစ္စတန်သို့တပ်ဖွဲ့ဝင် အင်အား ၅၀၀ထပ်မံစေလွှတ်ရန်သဘောတူညီခဲ့သည်။ သို့ရာတွင် ဗြိတိန် အစိုးရ၏ အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင် များ ထပ်မံစေလွှတ် ရန်ဆုံးဖြတ်ချက်သည် ဗြိတိန်ပြည်တွင်း၌ လူကြိုက်နည်းကြောင်း လူထုသဘောထားကောက်ခံမှု စစ်တမ်း တစ်စောင်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ(၁၀)ရပ်တို့၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

**မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ(၁၀)ရပ်တို့၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၀)ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဆပ်ကော်မတီ(၁၀)ရပ်မှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက စက်မှုနိုင်ငံတော်အဖြစ်သို့ အမြန်ကူးပြောင်းနိုင်ရေး၊ စက်မှုလက်မှု အခန်းကဏ္ဍ တိုးတက်မြင့်မားရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လယ်ယာသုံးစက်ပစ္စည်းကိရိယာ ထုတ်လုပ်မှုဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုလယ်ယာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်၊ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ စက်မှုလက်မှု သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာဖြန့်ချိရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ အသေးစား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်၊ သံနှင့်သံမဏိ ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီနှင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်၊ လူ့စွမ်းအားပြုစုပျိုးထောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ မော်တော်ယာဉ်ထုတ်လုပ်မှု ကြီးကြပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ စက်မှုဥပဒေဆိုင်ရာ ရေးဆွဲရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဟန်ညွှန့်၊ စက်မှုဆိုင်ရာ သတင်းဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က လုပ်ငန်းကော်မတီ ဆောင်ရွက်ချက်များကို တင်ပြသည်။

ယင်းနောက် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၁၀ ခုနှစ်

## (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

☆ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မေးမြန်းစူးစမ်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၉။ ကျန်းမာသုတ
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ Mail Box
၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် -မော်ဆရာနှင့်ပင်လယ်နတ်သမီး(အပိုင်း-၂၉)
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မှုခင်းရဲ (အပိုင်း-၁၈)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု -ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
၂၂။ ရယ်ရွှင်စရာဟာသပဒေသာ "ပုံမှန်အတိုင်းပဲနေပါ" (အရိုင်း၊ အုန်းသီး၊ ဗေဒါ၊ ကောင်းကျော်၊ ပွင့်၊ နှိုင်းယှဉ်မြင့်မို) (ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရုဏ်ဦးအချစ် (အပိုင်း-၉)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

# ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေးထိုးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေးထိုးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ အမျိုးသားကျန်းမာရေး ကော်မတီအတွင်းရေးမှူး၊ ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာ၌ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ရောဂါကာကွယ် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုလုံးဝမရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ရောဂါကာကွယ်ရေး နည်းလမ်းများအနက် သမားရိုးကျ ပြည်သူ့ကျန်းမာရေး နည်းလမ်းများနှင့် ကိုယ်ခံစွမ်းအား မြှင့်တင်ရေးနည်းလမ်းများကိုပါ ဆောင်ရွက်နိုင်ခဲ့သဖြင့် အောင်မြင်မှုရရှိခဲ့ကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကိုယ်ခံစွမ်းအား မြင့်မားစေပြီး ရောဂါဖြစ်ပွားမှုကို ပိုမိုကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေး ရရှိလာပါက ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးထိုးမှုဆိုင်ရာ ပညာရှင်များအဖွဲ့၏ အကြံပြုချက်အရလည်းကောင်း၊ အာဆီယံနိုင်ငံများ၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ

**အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေးထိုးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်အရ လည်းကောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်အရလည်းကောင်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်းနှင့် ပြည်နယ်နှင့် တိုင်းများ၌ ကြိုတင်ဆောင်ရွက်ထားရှိရမည့် အဏုစိတ်စီမံချက်များ ရေးဆွဲထားရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကူးစက်) ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းက Response to Pandemic(H1N1) 2009 and Pandemic Vaccine Deployment Plan ကို ရှင်းလင်းတင်ပြရာ၌ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်နှင့် ပြည်နယ်နှင့်တိုင်းများတွင် ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာသန်းထိန်းဝင်းက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေးနှင့် စပ်လျဉ်း၍ ပြည်သူလူထုအတွက် ပြုစုရေးသားထားသော အချက်အလက်များကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် ပြည်နယ်/တိုင်းဦးစီးဌာနမှူးများက မိမိတို့ပြည်နယ်နှင့် တိုင်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မရှင်းလင်းသည်များနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမေးမြန်းကြပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးကြရာ ဗဟိုအဆင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စိတ်ရင်းစေတနာမှန်ပြီး ရိုးသားမယ်ဆိုရင်

**ချမ်းမြအေး**

အခုရက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံတော်အကြီးအကဲထံ အိတ်ဖွင့်ပေးစာတွေနဲ့ ပတ်သက်လို့ ပြည်တွင်းနိုင်ငံရေးအသိုင်းအဝိုင်းနဲ့ ပြည်ပမီဒီယာတွေ ချိတ်ဆက်ပြီး အမျိုးမျိုး ဝေဖန်သွေးထိုးရင်း တွန်းပို့နေကြတာ တွေ့ရပါတယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံသင့်တယ်၊ အခုထိ အကြောင်းမပြန်သေးတာ မဖြစ်သင့်ဘူး စသဖြင့် ဘေးတီးတွန်းပို့လုပ်နေကြတာ မကြားချင်မှအဆုံးပါပဲ။ မိုးလုံးပြည့်မုသာဝါဒ အသံလွှင့်ဌာနတွေပီပီ သာသာထိုးထိုး ဗလောင်းဗလဲစကားတွေ တွင်တွင်ပြောပြီး ကျွန်တော်တို့နိုင်ငံကို အနောက်အလိုကျ ပုံသွင်းနိုင်ဖို့ ဖိအားပေးနေကြတာ သိသာလှပါတယ်။

**တကယ်တမ်းကျတော့ သူတို့ ဒီလို ပြောနိုင် ဆိုနိုင် အာချောင်နိုင်နေတာကလည်း ပြည်တွင်းကအစထောင်ပေးတဲ့ ပုဆိန်ရိုးတွေရှိနေတာကြောင့်ဆိုရင် မမှားပါဘူး။ ပြည်တွင်းဆန့်ကျင်ဘက်အုပ်စုတွေက အခုလို အစထောင်ပေးလို့သာ ပြည်ပမီဒီယာတွေက ဒါကို ပွသထက်ပွအောင် ဝိုင်းပြီး ဖွဖို့ အခွင့်အရေးရနေကြတာ ဖြစ်ပါတယ်။**

**အားလုံးသိပြီးဖြစ်တဲ့အတိုင်း ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှာ NLD ရဲ့ အထူးကြေညာချက် ၆/၀၉/၀၉ နဲ့အတူ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အကြီးအကဲဆီ လိပ်မူပြီး ရေးတဲ့စာ ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီစာမှာ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ ရုပ်သိမ်းပယ်ဖျက်ရေးအတွက် အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လိုပါတယ်လို့ ဆိုခဲ့ပါတယ်။**

> **ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD တို့ဟာ မရိုးသားတဲ့ သဘောထားနဲ့ မီဒီယာကို လက်ဦးအောင်ဖွပြီး အသုံးချဖို့ ကြိုးစားခဲ့တာ သုံးကြိမ်တိုင်တိုင်ရှိခဲ့ပါပြီ။ ဒါဟာ သွေးရိုးသားရိုး လုပ်ဆောင်မှုမဟုတ်တော့ပါဘူး။ တမင်ကို ရည်ရွယ်ချက်ရှိရှိနဲ့ ကြိုတင်စီစဉ်အကွက်ချပြီး ဆောင်ရွက်တဲ့ သဘော ဆောင်နေပါပြီ။**

သေချာစွာလေ့လာသုံးသပ်ကြည့်ရင် တစ်ချိန်တုန်းက ပိတ်ဆို့ရေးကို သူမတို့တောင်းဆိုခဲ့တာ အမှန်ပါပဲ။ အခုအထိလည်း ပိတ်ဆို့မှုများနဲ့ ပတ်သက်ပြီး သူမရဲ့ မူဝါဒပေါ်လစီကို ပြတ်ပြတ်သားသား ပြောင်းလဲပြောကြားလာတာ မတွေ့ရပါဘူး။ အဲဒီလို ပြတ်ပြတ်သားသား မပြောဘဲ အမေရိကန်က အခုလိုပိတ်ဆို့ရေးနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံရေး မူဝါဒကျင့်သုံးမယ်ဆိုပြီး လုပ်လာတဲ့အချိန်ကျမှ အဲဒါနဲ့တွဲပြီး ပိတ်ဆို့ရေးရုပ်သိမ်းဖို့ သူမက ပူးပေါင်းဆောင်ရွက်လိုပါတယ်လို့ လုပ်လာတာဟာ ရှေ့နောက်ညီညွတ်မှုမရှိတဲ့အပြင် စဉ်းစားတွေးတောစရာ ဖြစ်နေတာတော့ အမှန်ပါပဲ။ သို့သော် အစိုးရဘက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တောင်းဆိုချက်တွေကို ရိုးသားစွာနဲ့ လိုက်လျောခွင့်ပြုပေးခဲ့တာ တွေ့ရပါတယ်။ ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ကြိမ်တွေ့ဆုံခဲ့ပြီးနောက် ဒေါ်အောင်ဆန်းစုကြည် တောင်းဆိုတဲ့အတိုင်း အနောက်အုပ်စုက ပြည်ပသံတမန်သုံးဦးနဲ့ရော၊ NLD CEC နဲ့ပါ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံခွင့်ပြုပေးခဲ့တာ အားလုံးအသိပါပဲ။

အဲဒီနောက်ပိုင်းမှာ နိုဝင်ဘာ ၁၁ ရက်စွဲနဲ့ နိုင်ငံတော်အကြီးအကဲဆီကို ဒုတိယမြောက်ပေးစာ ပေးပို့ခဲ့ပြန်ပါတယ်။ အဲဒီစာမှာတော့ နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိမယ့် လုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်လိုပါတယ်လို့ ပဏာမပျိုးပြီး နေမကောင်းဖြစ်နေတဲ့ NLD CEC တွေနဲ့ တွေ့ဆုံကန်တော့ဖို့၊ ကျန် NLD CEC တွေနဲ့ တွေ့ဖို့၊ နိုင်ငံတော်အကြီးအကဲနဲ့ တွေ့ဆုံဖို့ စသဖြင့် တောင်းဆိုလာတာကို တွေ့ရပါတယ်။

**ဒီနေ့ ဒီအချိန်ဟာ နိုင်ငံတော်ဘက်က ပြည်တွင်းနိုင်ငံရေးအင်အားစုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လိုက်လျောဆောင်ရွက်ပေးနေသလို တစ်ဖက်ကလည်း အမေရိကန်နဲ့ဆက်ဆံရေး တိုးမြှင့်ဖို့ကြိုးပမ်းနေချိန် ဖြစ်ပါတယ်။ ပြောရရင် နိုင်ငံတော်အစိုးရဘက်က အပေါင်းလက္ခဏာကို အပြည့်အဝဆောင်နေတဲ့အချိန်ပါပဲ။ ဒီလိုအခြေအနေမျိုးမှာ တစ်ဖက်ကလည်း စစ်မှန်တဲ့ အပေါင်းလက္ခဏာမျိုးသာ ဆောင်ခဲ့မယ်ဆိုရင် ထူးခြားအောင်မြင်တဲ့ရလဒ်ကောင်းတွေ ထွက်ပေါ်လာဖို့ အလှမ်းမဝေးလှပါဘူး။ ဒါပေမယ့် NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ အပြုအမူလုပ်ရပ်တွေဟာ စစ်မှန်တဲ့အပေါင်းလက္ခဏာ မဆောင်သေးဘူးလို့ ရှုမြင်ချင်စရာ ဖြစ်နေပါတယ်။**

**ဒီပေးစာနှစ်စောင်ကိုကြည့်ရင် ရိုးသားမှုမရှိတာ တွေ့နိုင်ပါတယ်။ တကယ်တော့ နိုင်ငံတော်အစိုးရကို ရိုးရိုးသားသားချဉ်းကပ်ပြီး ညှိနှိုင်းဖို့ ကြိုးစားတာမျိုးသာဖြစ်သင့်ပါတယ်။ အခုတော့ မရိုးသားတဲ့သဘော၊ "ကိုယ်ကောင်း သူများဆိုး"ဖြစ်အောင်လုပ်တဲ့သဘော ဖြစ်နေပြီး တည်ဆဲအစိုးရရဲ့ Image ပျက်အောင် ရည်ရွယ်လုပ်သလိုမျိုးလို့ပဲ ကျွန်တော်ခံစားမိပါတယ်။**

**တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အနေနဲ့ နိုင်ငံတော်အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုလို့ရှိရင် နိုင်ငံတော်အကြီးအကဲဆီကို တိုက်ရိုက်စာရေးပေးပို့နိုင်ပါတယ်။ ဒါပေမယ့် အခုလိုမျိုး ပေးစာကို စာတိုက်ကပို့ပြီး ကာယကံရှင်လက်ထဲမရောက်မီကတည်းက အင်တာနက်ကအစ အသံလွှင့်ဌာနအဆုံး မီဒီယာတွေမှာ ပြန့်နေအောင် ကြိုပြီး ဖွထားတာမျိုးကတော့ မဖြစ်သင့်ပါဘူး။ ပထမအကြိမ် ပေးစာတုန်းက နိုင်ငံတော်အကြီးအကဲဆီ မရောက်မီကတည်းက NLD က ကြေညာချက်ထုတ်ပြီး ပူးတွဲဖြန့်ဝေခဲ့လို့ မီဒီယာတွေမှာ အကြီးအကျယ် ပလူပျံသွားခဲ့ပါတယ်။ မီဒီယာပေါင်းစုံကနေ ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလား၊ ငါလည်း မလုပ်တတ်ဘူးဆိုတဲ့ အချိုးမျိုးနဲ့ အတို့အထောင်၊ အချွန်အတွန်းတွေ ပွက်လောညံပြီးနောက်မှာမှ သက်ဆိုင်ရာကာယကံရှင်ထံ အဲဒီစာ ရောက်ရှိခဲ့ရတာပါ။ အစိုးရတစ်ရပ်အနေနဲ့ပြောရရင် သားဆိုးသမီးဆိုးမွေးထားမိတဲ့ မိဘလိုပဲ"ငါ့သား ငါ့သမီးများ မိဘအပေါ်မသိသား ဆိုးရွားလှပါကလား"ဆိုပြီး စိတ်မကောင်းခြင်းကြီးစွာဖြစ်ရမှာ အသေအချာပါပဲ။ ဒါပေမယ့် နိုင်ငံတော်အပိုင်းက မိဘပီပီ သဘောထားကြီးကြီးထားပြီး တတ်နိုင်သမျှ အပြုသဘောဆောင် လိုက်လျောပေးခဲ့တာ တွေ့နိုင်ပါတယ်။**

နိုင်ငံတော်ဘက်က ဒီလို အပြုသဘော တုံ့ပြန်လိုက်လျောလာတဲ့အပေါ် နားလည်သိတတ်တဲ့ သားသမီးဆိုရင် အားနာပြီး အချိုးပြောင်းလာမှာ အမှန်ပါပဲ။ သို့သော် ဒေါ်အောင်ဆန်းစုကြည်တို့ဘက်ကတော့ အချိုးမပြောင်းတဲ့အပြင် ဒုတိယပေးစာမှာ ဒီထက်ပိုဆိုးတဲ့ အချိုးမျိုးထပ်လုပ်လာပြန်ပါတယ်။ ဒီတစ်ခါမှာတော့ ပေးစာကို ပေးပို့နေဆဲကာလမှာပဲ NLD ဗဟိုလုပ်ငန်းဖော်ဆောင်ရေးလူငယ်အဖွဲ့ကနေ မီဒီယာတွေမှာ တိတ်တိတ်ကလေး ကြိုဖြန့်ခဲ့တယ်လို့ ဆိုပါတယ်။ ပြီးတော့မှ အစိုးရကပဲ ဖွင့်ချဖော်ပြထားသယောင်ယောင် "ကလိမ်စေ့ငြမ်းဆင်"ပြီး ဦးအောင်လက်ညှိုးထိုးဖို့ ကြိုးစားခဲ့ပါသေးတယ်။ နောက်ဆုံးကျမှ လက်သည်ဟာ NLD ထဲကပဲဆိုတာ ချော်လဲရောထိုင် ဝန်ခံခဲ့တာ တွေ့ရပါတယ်။

ဒီအချိန်မှာ မီဒီယာပေါင်းစုံက ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ၊ ဒါကိုလက်မခံသေးဘူး၊ ဒါနဲ့ပတ်သက်ပြီး အကြောင်းမပြန်သေးဘူးဆိုပြီး အမျိုးမျိုး အောက်ကလိအာလုပ်နေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စဟာ မီဒီယာတွေထဲမှာ မပြန့်ပြန့်အောင် ကြိုဖြန့်ပြီး မီဒီယာတွေရဲ့ ဖိအားကိုယူဖို့ ဖန်တီး အကွက်ဆင်တယ်ဆိုတာကတော့ ထင်ရှားလှပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် "ဒို့ဘက်ကတော့ ဒီလိုကမ်းလှမ်းထားပြီး ကျန်တဲ့ကိစ္စက ဟိုဘက်ကိစ္စ၊ ဟိုဘက်ကိုသာပြောကြပေတော့" ဆိုတဲ့ သဘောမျိုးနဲ့ မီဒီယာတွေကတစ်ဆင့် တည်ဆဲအစိုးရကို ဖိအားပေး အကျပ်ကိုင်ဖို့ ကြိုးပမ်းမှုတစ်ရပ်ပဲလို့ ကျွန်တော် သုံးသပ်မိပါတယ်။

**ဒါကလည်း အခုမှမဟုတ်ပါဘူး။ ယခင်ကလည်း အဲဒီလိုလုပ်ခဲ့တာ အားလုံးမှတ်မိကြဦးမှာပါ။ ဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှုတွေလုပ်နေဆဲကာလ၊ တစ်ဖက်နဲ့တစ်ဖက် လိုအပ်ချက်တွေကို နားလည်သဘောပေါက်အောင် ဆွေးနွေးတိုင်ပင်ရခြင်း မရှိသေးမီမှာဘဲ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ၈-၁၁-၂၀၀၇ ရက်စွဲနဲ့ မစ္စတာ ဂမ်ဘာရီကတစ်ဆင့် စင်ကာပူမှာ တစ်ဖက်သတ်ကြေညာချက် ထုတ်ပြန်ခဲ့တာရှိပါတယ်။ မစ္စတာ ဂမ်ဘာရီရဲ့ ခရီးစဉ်အတွင်း နိုင်ငံတော်အစိုးရက မစ္စတာဂမ်ဘာရီနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံနိုင်အောင် စီစဉ်ပေးခဲ့တဲ့အပေါ် အခွင့်ကောင်းယူပြီး မစ္စတာဂမ်ဘာရီ အပြန်မှာ တိတ်တိတ်ကလေးစီစဉ်ပေးလိုက်တဲ့ ကြေညာချက်ပါပဲ။ နိုင်ငံတော်ရဲ့ လိုက်လျောမှုအပေါ် အဲဒီလို မရိုးမသားသဘောထားနဲ့ မီဒီယာကို လက်ဦးအောင်ဖွပြီး အသုံးချခဲ့တာကြောင့် မလိုလားအပ်ဘဲ အခြေအနေတွေရှုပ်ထွေးစေခဲ့တာ ကျွန်တော် မှတ်မိနေပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အဲဒီလို နှစ်ဖက်ဆွေးနွေးနေဆဲကာလ၊ ဆွေးနွေးဆဲလုပ်ငန်းစဉ်တစ်ရပ် မပြီးမြောက်သေးတဲ့ကာလမှာ နှစ်ဖက်သဘောတူညီမှုယူပြီးမှ မီဒီယာကို ထုတ်ပြန်သင့်တယ်ဆိုတာလောက်တော့ နားလည်သင့်ပါတယ်။ နားလည်ပြီးလည်း ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အခုလည်း ပြည်ပဆန့်ကျင်ဘက်မီဒီယာတွေနဲ့ "ပုလင်းတူ ဘူးဆို့" လုပ်ပြီး သူတို့အားကိုးနဲ့ ဒီနည်းဟောင်းကြီးကိုပဲ ထပ်ပြန်တလဲ အသုံးချနေတာကတော့ ရိုးသားမှုမရှိဘူးလို့ ဆိုရမလိုဖြစ်နေပါပြီ။**

> ပြည်တွင်း ဆန့်ကျင်ဘက်အင်အားစုတွေ အနေနဲ့ အခုလို ပေးစာတွေကို ရှေ့တန်းတင်ပြီး သူတို့ရဲ့ မဟာဗျူဟာ၊ နည်းဗျူဟာလမ်းလွဲမှု တွေကို ပြန်ပြီး အဖတ်ဆယ်နိုင်အောင် ကြိုးစားရင်း တစ်ဖက်ကလည်း ပြည်ပမီဒီယာ တွေအားကိုးနဲ့ တည်ဆဲအစိုးရအပေါ် အပြစ် ပုံချနိုင်အောင် ပုံဖော်နေတာမျိုးကတော့ ဘယ်လိုမှ မဖြစ်သင့်။

လူဆိုတာ အမှားနဲ့မကင်းနိုင်ပါဘူး။ ဘယ်သူမှလည်း ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်ကြပါဘူး။ တစ်ခါတလေတော့လည်း လုပ်မှားကိုင်မှား၊ ပြောမှားဆိုမှားဆိုတာ ရှိတတ်ကြတာပါပဲ။ တစ်ကြိမ်တစ်ခါမှားတာမျိုးကို သွေးရိုးသားရိုး မတော်တဆပဲလေဆိုပြီး ဗွေမယူတတ်ကြပါဘူး။ ဒါကြောင့် တစ်ကြိမ်တစ်ခါမှားတာမျိုးကို များသောအားဖြင့် ခွင့်လွှတ်နားလည်ပေးနိုင်ကြပါတယ်။ သို့သော် ဒီအမှားမျိုးကိုပဲ နှစ်ကြိမ်၊ သုံးကြိမ်ဆိုသလို ထပ်ပြန်တလဲ ကျူးလွန်လာပြီဆိုရင်တော့ ဒါဟာ သွေးရိုးသားရိုး မှားယွင်းတာမျိုးမဟုတ်တော့ဘဲ ရည်ရွယ်ချက်ရှိရှိ အစီအမံချပြီး တမင်ကို အမှားကျူးလွန်နေတာလို့ သတ်မှတ်ရတော့မှာပါ။

> **နိုင်ငံနဲ့ ပြည်သူအကျိုးကို အမှန်တကယ် လိုလားတယ်ဆိုရင်၊ ရိုးသားပြီး စိတ်ရင်းစေတနာလည်း တကယ်မှန်တယ်ဆိုရင် ကိုယ့်ဘက်က ရပ်တည်မှုကို ပွင့်ပွင့်လင်းလင်းတင်ပြပြီး နိုင်ငံတော် အစိုးရကို ရိုးရိုးသားသား ချဉ်းကပ်ညှိနှိုင်းဖို့ ကြိုးစားရင်တော့ အကောင်းဆုံးဖြစ်။**

**အခုလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD တို့ဟာ မရိုးသားတဲ့သဘောထားနဲ့ မီဒီယာကို လက်ဦးအောင်ဖွပြီး အသုံးချဖို့ ကြိုးစားခဲ့တာ သုံးကြိမ်တိုင်တိုင်ရှိခဲ့ပါပြီ။ ဒါဟာ သွေးရိုးသားရိုးလုပ်ဆောင်မှုမဟုတ်တော့ပါဘူး။ တမင်ကို ရည်ရွယ်ချက်ရှိရှိနဲ့ ကြိုတင်စီစဉ်အကွက်ချပြီး ဆောင်ရွက်တဲ့သဘော ဆောင်နေပါပြီ။**

**ဒီလို တစ်ဖက်က မရိုးမသား မီဒီယာကိုအသုံးချပြီး အပိုင်ချည်ပြီးတုပ်ပြီး ဖြစ်အောင် ကြိုးပမ်းလာမှုတွေကြောင့် ကျန်တစ်ဖက်က ပြန်ပြီးတုံ့ပြန်လာမယ့် လုပ်ငန်းစဉ်တွေအပေါ် နှောင့်နှေးသွားစေနိုင်မလားဆိုတာကို ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ လက်ရှိဖြစ်စဉ်ကို အပေါ်ယံကြည့်ရင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အပြုသဘော ကမ်းလှမ်းတယ်လို့ ဆိုနိုင်ပေမယ့် အခုလို မီဒီယာကို မရိုးမသားအသုံးချနေတာကြောင့် ဦးတည်ချက်ပြောင်းလဲသွားပြီး တကယ့်အနှစ်သာရက ကျန်တစ်ဖက်အနေနဲ့ အပြုသဘောတုံ့ပြန်နိုင်ဖို့ ခက်ခဲသွားအောင် တင်ကြိုပြီး ဖျက်ဆီးပစ်လိုက်သလိုမျိုး ဖြစ်နေပါပြီ။ ဒါပေမယ့်လည်း မိဘဖြစ်တဲ့ အစိုးရအနေနဲ့ကတော့ သဘောထားကြီးကြီးထားပြီး လုပ်သင့်တာလုပ်ပေးလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။**

ဒီလိုကိစ္စမျိုးဆိုတာ နှစ်ဦးနှစ်ဖက်အကြားမှာပဲ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဖြစ်သင့်တာပါ။ ဒါကို အချိန်မတိုင်မီ လက်ဦးမှုယူပြီး မီဒီယာကို **ဖွင့်ချခဲ့တဲ့အကျိုးဆက်အဖြစ် ပြည်ပမီဒီယာတွေရဲ့ နှုတ်သီးကောင်းလျှာပါး၊ မရောင်ရာဆီလူး ဝေဖန်လေကန်မှုတွေကြောင့် တစ်ဖက်က လှမ်းလာမယ့် ခြေလှမ်း တန့်သွားအောင်၊ ကမ်းလာမယ့်လက် ပြန်ရုပ်သွားအောင် လုပ်သလို ဖြစ်မနေပေဘူးလားဆိုတာ လေးလေးနက်နက်ပြန်ပြီး စဉ်းစားသုံးသပ်ကြစေချင်ပါတယ်။ ပြည်တွင်း ဆန့်ကျင်ဘက် အင်အားစုတွေအနေနဲ့ အခုလို ပေးစာတွေကို ရှေ့တန်းတင်ပြီး သူတို့ရဲ့ မဟာဗျူဟာ၊ နည်းဗျူဟာလမ်းလွဲမှုတွေကို ပြန်ပြီး အဖတ်ဆယ်နိုင်အောင်ကြိုးစားရင်း တစ်ဖက်ကလည်း ပြည်ပမီဒီယာတွေအားကိုးနဲ့ တည်ဆဲအစိုးရအပေါ် အပြစ်ပုံချနိုင်အောင် ပုံဖော်နေတာမျိုးကတော့ ဘယ်လိုမှ မဖြစ်သင့်ပါဘူး။**

**ပြန်ချုပ်ပြီးပြောရရင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံတော်အကြီးအကဲဆီ ပေးစာရေးပို့တာ လက်ခံနိုင်ပါတယ်။ ဒါပေမယ့် အခုလို မရိုးမသားအကြံနဲ့ မီဒီယာမှာဖွင့်ချပြီးမှ အားလုံး နိုင်ငံတော်အစိုးရကြောင့်ဆိုတာမျိုးဖြစ်အောင် ဘော်လီဘောပုတ်နေတာမျိုးကတော့ လုံးဝမဖြစ်သင့်ပါဘူး။ တကယ်တော့ နိုင်ငံနဲ့ ပြည်သူအကျိုးကို အမှန်တကယ် လိုလားတယ်ဆိုရင်၊ ရိုးသားပြီး စိတ်ရင်းစေတနာလည်း တကယ်မှန်တယ်ဆိုရင် ကိုယ့်ဘက်က ရပ်တည်မှုကို ပွင့်ပွင့်လင်းလင်းတင်ပြပြီး နိုင်ငံတော်အစိုးရကို ရိုးရိုးသားသား ချဉ်းကပ်ညှိနှိုင်းဖို့ ကြိုးစားရင်တော့ အကောင်းဆုံး ဖြစ်မှာပဲလို့ ယုံကြည်မိပါတယ်။ ။**

❖**ရှေ့ဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိုင်းဆတ်-ကျိုင်းတုံ ရထားလမ်းအပိုင်း သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန် အပိုင်းသုံးပိုင်းခွဲ၍ စက်ယန္တရားများကို စနစ်တကျ အသုံးပြုရေး ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖောက်လုပ်ပြီးစီးနေသည့် ရထားလမ်းမြေသားတာပေါင်အတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး ဆင်နှစ်ကောင်တောင်ကုန်းရှိ ရထားလမ်းဖြတ်ရေပြွန် တည်ဆောက်မှုလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပမည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ ရောက်ရှိပြီး နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့၌ ကျင်းပမည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့၌ ကျင်းပမည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၉-၁၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)**

**[၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈)ရက် (ဥပုသ်နေ့)]**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ အတီးပြိုင်ပွဲ
- ၈း၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၅ ၈။ စိမ်းစိုလန်းဆန်းအုံ့မခန်း ရတနာတန်းဝင် ကျွန်းသစ်ပင်
- ၈း၂၅ ၉။ "မြူတိမ်ကင်းသောနေ့"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အကပြိုင်ပွဲ
- ၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၄၀ ၅။ သီချင်းကြီးပဒေသာ
- ၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
- ၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ ၈။ "စည်းကမ်းလိုက်နာ ဘေးကင်းကွာ"
- ၅း၂၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၃၅ ၁၀။ စုပါတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၅ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၀၀ ၁၅။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၇း၄၀ ၁၆။ ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၁)**
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "ပေးဆပ်ခြင်းသည်" (လူမင်း၊ ထက်ထက်မိုးဦး၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၃။ အစီအစဉ်ပြီး၏။

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၉ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ပြုံးကြည်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်ကြည်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်မြသီတာက ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှု ပထမဆုရ ကြည့်မြင်တိုင်မြို့နယ်၊ ဒုတိယဆုရ တောင်ဥက္ကလာပမြို့နယ်နှင့် တတိယဆုရ အင်းစိန်မြို့နယ်တို့အား လည်းကောင်း၊ UNICEF (Myanmar) Health and Nutrition Section မှ Chief, Dr. Osamu Kunii က အထူးဆုရရှိကြသော လှိုင်မြို့နယ်၊ ခရမ်းမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အား လည်းကောင်း၊ UNAIDS(Myanmar) မှ Country Coordinator, Dr. Sun Gang က အထူးဆု ရရှိကြသော ကျောက်တန်းမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကဒေါ်မြသီတာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှု ပထမဆုရ ကြည့်မြင်တိုင်မြို့နယ်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၈**

ဂျပန်နိုင်ငံအစိုးရ၏ 21st Century Opinion Leader Invitation Program အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယမန်နေ့က ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဥက္ကဋ္ဌဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ၌ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟီရိုရှီးမားပြည်နယ်အစိုးရ၊ JETRO, JCCI, AOTS, Japan ASEAN Center, Ministry of Economy, Trade and Industry တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၌ မူးယစ်ဆေးဝါးဖျက်ဆီးမှု ငါးကြိမ်မြောက် ကျင်းပ
# မိမိနိုင်ငံမှာရှိသည့် အရင်းအမြစ်အပေါ် အခြေပြု၍ စွမ်းအားပြည့်ဆောင်ရွက်နေ

**✻ ကျောဖုံးမှ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ဦးဆောင်သည့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရာရှိများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ငါးကြိမ်မြောက်**

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို

ကြီးပေါင်း ၂၀ ကျော်ရှိခဲ့ပါကြောင်း၊ ယင်းတို့အနက် ထူးခြားသည့် ဖြစ်စဉ်အချို့ကို ထုတ်နုတ်တင်ပြရမည်ဆိုလျှင် ၂၀၀၉ ခုနှစ် ဇူလိုင် ၇ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့က ဒေသခံလူထု၏ ပူးပေါင်းကူညီမှုဖြင့် တာချီလိတ်မြို့

၉၆၄၀၀၀ ပြား၊ ဘိန်းဖြူမှုန့် ၂၁ ကီလိုနှင့် ဘိန်းဖြူဘလောက်တုံး ၁၀၂ တုံးတို့ကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ စစ်ကြောချက်အရ ယင်းနေ့မှာပင် တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဝမ်လုံရွာရှိ အိမ် တစ်အိမ်မှ စိတ်ကြွ

တာချီလိတ်မြို့နယ်၊ ဝမ်ကျောက်လုံရွာ၌ မော်တော်ယာဉ် တစ်စီးကို ရှာဖွေရာမှ စိတ်ကြွဆေးပြား ၈၀၀၀၀ ပြား၊ အမ် ၁၆ ကျည်အိမ်အတို ၁၀ ခု၊ အမ် ၁၆ ကျည် ၁၉၅ တောင့်၊ ၉ မမ ကျည် ၁၀၀ တောင့်တို့ကို ဖမ်းဆီးရမိခဲ့ပါကြောင်း။

**မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)

ဆူဒိုအက်ဖိဒရင်း ဆေးပြား ၄၁၄၇၀၀ ပြားကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

ထို့အပြင် စက်တင်ဘာ ၁ရက်တွင် ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ အမှတ်(၁)ချစ်ကြည်ရေး တံတား၌ ဆိုင်ကယ် အတွင်းမှ ဆူဒိုအက်ဖိဒရင်း ဆေးပြား ၄၈၈၇၀ ပြားကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

အလားတူပင် အောက်တိုဘာ ၁၄ ရက်တွင်လည်း ပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့ နောင်နွန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ ဟီးနိုး ခြောက်ဘီးကား အတွင်းမှ အက်ဖိဒရင်းပါသည့် အိမ်သုံးဆေး ၃၁ မျိုး၊ အရေအတွက် ၁ ဒသမ ၆၈ သန်း ရှာဖွေသိမ်းဆည်းနိုင်ခဲ့ပါကြောင်း။

**ကွင်းဆက်ဖော်ထုတ်**

နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ပူးပေါင်းအဖွဲ့က ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ၁၂ ဘီး နီဆန်းယာဉ်ပေါ်မှ ဆူဒိုအက်ဖိဒရင်း ဆေးပြား ၄၅၆၇၂၅၅ပြား ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ အဆိုပါနေ့ ၁၁ နာရီတွင် အောင်မြေသာစံမြို့နယ်မှာရှိသည့် အိမ်တစ်အိမ်မှ ဆူဒိုအက်ဖိဒရင်းဆေးပြား ၄၄၅၂၃၀ ပြား ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ကွင်းဆက်သတင်းများအရ ယင်းနေ့ ၁၁ နာရီ ၅ မိနစ်တွင်လည်း (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ဖူဆို ၁၀ ဘီး ယာဉ်ပေါ်မှ ဆူဒိုအက်ဖိဒရင်းဆေးပြား

**ကြည့်ရှုစမ်းသပ်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယကနှင့် သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြား မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အရာရှိများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များ ခင်းကျင်းပြသထားသော မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစမ်းသပ် စစ်ဆေးကြစဉ်။** (ဝဲပုံနှင့် ယာပုံ)
(သတင်းစဉ်)

ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် နိုင်ငံတစ်ဝန်း၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားများကို ပြည်နယ်၊ တိုင်းများမှာရော ရန်ကုန်မြို့မှာပါ အခါအားလျော်စွာ ကျင်းပလာခဲ့ရာမှာ ရန်ကုန်မြို့တွင် ၂၀၀၆ ခုနှစ်ထိ အကြိမ်(၂၀)နှင့် ပြည်နယ်၊ တိုင်းအတွင်းရှိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိသည့် ဒေသများနှင့် မြို့ကြီးများ၌ (၄၇) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခု ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၌ ၁၉၉၇ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၆ခုနှစ်က နှစ်ကြိမ်၊ ၂၀၀၉ ခုနှစ်က တစ်ကြိမ် စုစုပေါင်း လေးကြိမ် ကျင်းပခဲ့ပြီး ယနေ့ကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဖျက်ဆီးမှုသည် ငါးကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေအတွင်း၌ ၂၀၀၉ ခုနှစ် ဇွန် ၂၆ ရက်မှ ယနေ့အထိ မူးယစ်ဆေးဝါးများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရမိမှု ဖြစ်စဉ်

လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ နစ်ဆန်း ခြောက်ဘီးကားပေါ်က ဘိန်းဖြူဘလောက်တုံး ၂၁၇၇ တုံး အလေးချိန် ၇၆၁ ဒသမ ၉၅ ကီလိုနှင့် စိတ်ကြွဆေးပြား ၃၄၀၀၀၀ တို့ကို ဖမ်းဆီးရမိခဲ့ပါကြောင်း။

**သိမ်းဆည်းရမိ**

ဩဂုတ် ၇ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၌ စိတ်ကြွဆေးပြား ၃၇၆၀၀ ပြားကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

ထို့ပြင် ဩဂုတ် ၂၄ ရက်တွင် ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဝမ်လိရွာမှာရှိသည့် အိမ် တစ်အိမ်ကို ဝင်ရောက်ရှာဖွေရာမှာ ခြံဝင်းထဲမှာရှိသည့် ကားပေါ်နှင့် နေအိမ်အတွင်းမှ သေနတ်ရှည် တစ်လက်၊ ပစ္စတို တစ်လက်၊ ကိုးမမ လူကာကျည် ၁၀၈ တောင့်၊ စိတ်ကြွဆေးပြား ဆေးပြား ၁၉၆၂၀၀ ပြား၊ ဘိန်းဖြူဘလောက်တုံး နှစ်တုံးနှင့် အိုက်စ် ၁၀ ကီလိုနှင့် ဟောင်လိတ်အုပ်စု တော်ကော့အပြင်ရွာမှ အိမ် တစ်အိမ်၌ အိုက်စ် ၂၄ ဂရမ်၊ ခပ်ခူး ၁၁ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ သတင်းဆက်များနှင့် ပတ်သက်၍ ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိပါကြောင်း။

စက်တင်ဘာ ၁၁ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ ဟောင်လိတ်အုပ်စုရှိ အိမ် တစ်အိမ်မှ စိတ်ကြွရှုးသွပ်ဆေးပြား စုစုပေါင်း ၂၆၃၂၀၀၀ ပြား၊ ဒသမ ၃၈ ကျည် ငါးတောင့်၊ ဒသမ ၃၂ ကျည် ၂၉ တောင့်၊ ၆ဒသမ ၃၅ ကျည် ၇၀ တောင့်၊ ၅ ဒသမ ၅၆ ကျည် နှစ်တောင့် စုစုပေါင်း ကျည်မျိုးစုံ ၁၀၆ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

**ဖမ်းဆီးရမိ**

အလားတူ အောက်တိုဘာ ၁၈ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် နယ်မြေခံလူထု၏ သတင်းပေးချက်အရ

ဤနေရာတွင် အလျဉ်းသင့်သဖြင့် မူးယစ်ဆေးဝါးပြုလုပ်ရာမှာ အဓိကကုန်ကြမ်းပစ္စည်းတစ်ခုဖြစ်သော ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုကို သီးခြားခွဲခြား တင်ပြလိုပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့တားဆီးနှိမ်နင်းရေးအဖွဲ့ဝင်များအနေဖြင့် စိတ်ကြွဆေးပြားများ ဖြစ်လာစေသည့် အဓိကကုန်ကြမ်းဓာတုပစ္စည်းများကို နေရာအနှံ့မှာ ဒေသခံပြည်သူများ၏ အကူအညီဖြင့် ထိထိရောက်ရောက် နှိမ်နင်းနေခဲ့သဖြင့် မူးယစ်ဆေးဝါး မှောင်ခိုသမားများအနေဖြင့် စိတ်ကြွဆေးပြားထုတ်လုပ်ရာမှာ အဓိကကျသည့် ဓာတုပစ္စည်းများ လွယ်လွယ်ကူကူမရနိုင်တော့သည့်အခြေအနေ ဖြစ်လာပါကြောင်း၊ ယခုလို အခြေအနေမျိုးမှာ မူးယစ်ဆေးဝါး မှောင်ခိုသူများသည် တစ်ဖက်နိုင်ငံက ဆူဒိုအက်ဖိဒရင်း အိမ်သုံးဆေးဝါးများကို နည်းမျိုးစုံနှင့် ပြည်တွင်းကိုတင်သွင်းလာခဲ့ပါကြောင်း၊ ယင်းဆေးဝါးများသည် စိတ်ကြွဆေး ထုတ်လုပ်ရာမှာ အဓိကကုန်ကြမ်းဖြစ်သည့် အက်ဖိဒရင်းဓာတုပစ္စည်းများ ပြန်လည်ထုတ်ယူနိုင်ကြောင်း ဖော်ထုတ်သိရှိလာသည့်အခါမှာ တရားမဝင်ဝင်ရောက်လာသော ဆူဒိုအက်ဖိဒရင်း အိမ်သုံးဆေးဝါးများကို အလေးထား တားဆီးလာခဲ့ရပါကြောင်း။

**ဓာတုကုန်ကြမ်း**

ဓာတုကုန်ကြမ်းပစ္စည်းဆိုသည်မှာ ဖွံ့ဖြိုးဆဲဖြစ်သည့် မိမိတို့လို နိုင်ငံမျိုး၌ မထွက်ကြောင်း၊ စက်မှုနိုင်ငံများမှာသာ ထွက်ရှိတာဖြစ်ပါကြောင်း၊ ဤဓာတုပစ္စည်းများက အိမ်နီးချင်းနိုင်ငံများမှ တစ်ဆင့် မိမိတို့နိုင်ငံဆီကို ဝင်ရောက်လာခြင်းဖြစ်ပါကြောင်း၊ ရှေးယခင်ကာလများတုန်းက ဤဓာတုပစ္စည်းများသည် သူ့နဂိုပုံစံအတိုင်း ဝင်လာခြင်းဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အသွင်ပြောင်းပြီး အိမ်သုံးဆေးဝါးများမှတစ်ဆင့် ဝင်လာနေကြပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံချင်း သတင်းဖလှယ်မှုများပြုလုပ်ပြီး တားဆီးနှိမ်နင်းရေးများ ပြုလုပ်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ချက်များကြောင့် ဓာတုကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်နိုင်သည့် ဆူဒိုအက်ဖိဒရင်းဆေးပြား ဖော်ထုတ်ဖမ်းဆီးရမိမှုများစွာရှိခဲ့ပြီး ဖြစ်စဉ်အချို့ကို ထုတ်နုတ်တင်ပြရမယ်ဆိုလျှင် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့က ချင်းရွှေဟော် ပူးပေါင်းစစ်ဆေးရေးဂိတ်မှ ထော်လာဂျီ လေးစီးပေါ်မှ အက်ဖိဒရင်းပါသည့် ဆေးပြား ၈ ဒသမ ၁၆ သန်း ဖမ်းဆီးရမိခဲ့ပါကြောင်း၊ စစ်ကြောချက်အရ ဤဆေးပြားများသည် တစ်ဖက်နိုင်ငံမှ ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိခဲ့ရပါကြောင်း။

**ရှာဖွေသိမ်းဆည်း**

ထို့အပြင် မေ ၆ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ ဝမ်တာပင်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဟိုင်းလတ်ယာဉ်အတွင်းမှ တရားမဝင် ၂၂၃၉၅၅၀ ပြား ထပ်မံဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဤဖြစ်စဉ်တွင် ဖမ်းဆီးရမိဆေးပြားစုစုပေါင်း ၇၂၅၂၀၃၅ ပြား ရှိပါကြောင်း၊ ဖမ်းဆီးရမိဆေးပြားများ အားလုံးသည် တံဆိပ်များအရ အိမ်နီးချင်းနိုင်ငံများကသာ ဝင်ရောက်လာခြင်းဖြစ်ပါကြောင်း။

အထက်ကတင်ပြခဲ့သည့် ဖမ်းဆီးရမိမှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး သတင်းကွင်းဆက်များကို စိစစ်ဖော်ထုတ်ဆဲဖြစ်ကြောင်းလည်း တင်ပြလိုပါကြောင်း။

**အသိပေးပြောကြား**

Precursor ဟု ခေါ်သည့် ဓာတုကုန်ကြမ်းမရှိလျှင် မူးယစ်ဆေးဝါးဆိုသည်မှာ ဖြစ်မလာပါကြောင်း (No Precursor; No Drugs)၊ ထို့ကြောင့် ဓာတုကုန်ကြမ်း Precursor Chemical များ မိမိနိုင်ငံအတွင်းသို့ တရားမဝင်လမ်းကြောင်းပြောင်းလဲ စီးဝင်မလာရန် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပြည်သူများ၏ အားနှင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရင်း မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကြီး အောင်မြင်နိုင်ရေးအတွက် အပြည့်အဝ စွမ်းအားကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်။

ဆူဒိုအက်ဖီဒရင်း ဆေးပြား ၄၁၄၇၀၀ ပြားကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

ထို့အပြင် စက်တင်ဘာ ၁ရက်တွင် ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ အမှတ်(၁)ချစ်ကြည်ရေး တံတား၌ ဆိုင်ကယ်အတွင်းမှ ဆူဒိုအက်ဖီဒရင်း ဆေးပြား ၄၈၈၇၀ ပြားကို သိမ်းဆည်းရမိခဲ့ပါကြောင်း။

အလားတူပင် အောက်တိုဘာ ၁၄ ရက်တွင်လည်း ပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့ နောင်ခွန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ ဟီးနိုး ခြောက်ဘီးကားအတွင်းမှ အက်ဖီဒရင်းပါသည့် အိမ်သုံးဆေး ၃၁ မျိုး၊ အရေအတွက် ၁ ဒသမ ၆၈ သန်း ရှာဖွေသိမ်းဆည်းနိုင်ခဲ့ပါကြောင်း။

## ကွင်းဆက်ဖော်ထုတ်

နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ပူးပေါင်းအဖွဲ့က ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ၁၂ ဘီး နီဆန်း ယာဉ်ပေါ်မှ ဆူဒိုအက်ဖီဒရင်း ဆေးပြား ၄၅၆၇၂၅၅ပြား ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ အဆိုပါနေ့ ၁၁ နာရီတွင် အောင်မြေသာစံမြို့နယ်မှာရှိသည့် အိမ်တစ်အိမ်မှ ဆူဒိုအက်ဖီဒရင်းဆေးပြား ၄၄၅၂၃၀ ပြား ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ကွင်းဆက်သတင်းများအရ ယင်းနေ့ ၁၁ နာရီ ၅ မိနစ်တွင်လည်း (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ဖူဆို ၁၀ ဘီး ယာဉ်ပေါ်မှ ဆူဒိုအက်ဖီဒရင်းဆေးပြား

ရှက်ရေးသည် အလွန်အရေးကြီးနေပါကြောင်းလည်း တင်ပြလိုပါကြောင်း။

တစ်ဆက်တည်းမှာပင် အထက်က မိမိ တင်ပြခဲ့သည့် ကိန်းဂဏန်းများကို ကြည့်ရလျှင် လူအများအား အန္တရာယ်ဖြစ်စေမည့် မူးယစ်ဆေးဝါးဆိုသည့်ဘဝကို ရောက်မလာနိုင်အောင် ဓာတုပစ္စည်းဘဝကတည်းက မိမိတို့ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များက တားဆီးနိုင်ခဲ့ခြင်းသည် မူးယစ်ဆေးဝါးဖြစ်လာမည့် ပမာဏများစွာကို တားဆီးနိုင်ခဲ့သည်ဆိုခြင်းကို ခန့်မှန်းတွက်ချက်သိရှိနိုင်ကြမှာဖြစ်ကြောင်းလည်း အသိပေးပြောကြားလိုပါကြောင်း။

## ထုတ်နုတ်တင်ပြ

ဆက်လက်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)နယ်မြေအတွင်း၌ တင်ပြပြီးဖြစ်သည့် ၂၀၀၉ ခုနှစ် ဇွန် ၂၆ ရက်မှ ယနေ့အထိ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုဆေးရည်နှင့် ဆက်စပ်ပစ္စည်းများ၏ ပမာဏကို ထုတ်နုတ်တင်ပြရမည်ဆိုလျှင်-

(က)စိတ်ကြွဆေးပြား ၆၉၉၈၅၅၄ ပြား
(ခ)ဘိန်းဖြူ ၈၁၉ ဒသမ ၇၅၁၆ ကီလို
(ဂ)အိုက်စ် ၁၀ ဒသမ ၀၄၅ ကီလို
(ဃ)ဘိန်းစိမ်း ၁၅၆ဒသမ ၃၁၈၅၅ကီလို
(င)စိတ်ကြွဆေးမှုန့် ၀ ဒသမ ၁၈ ကီလို
(စ)စိတ်ကြွဆေးရေစို ၀ဒသမ ၀၁၉၄ကီလို
(ဆ)ကဖင်း ၁၀၃၁ ကီလို
(ဇ)ဘိန်းဆီခဲ ၀ ဒသမ ၀၃၁ ကီလို
(ဈ)ဘိန်းချေး ၀ ဒသမ ၀၁၈ ကီလို

ရှိပါကြောင်း၊ အသိပေးပြောကြားလိုပါကြောင်း။

## ဖော်ဆောင်

အခု ဖမ်းဆီးရမိထားသည့် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများသည် စုစုပေါင်းတန်ဖိုးအနေနှင့် မြန်မာကျပ်ငွေ ၉၃ ဘီလီယံကျော်ခန့်ရှိပြီး အမေရိကန်ဒေါ်လာ ၉၃ သန်းကျော်ခန့်ရှိပါကြောင်း အသိပေးတင်ပြလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကြီးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူပြီး မိမိနိုင်ငံမှာရှိသည့် သယံဇာတအရင်းအမြစ်တွေအပေါ်မှာ အခြေပြု၍ စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်နေရာမှာ မဟာဗျူဟာ(၂)ရပ်နှင့် နည်းဗျူဟာ(၃)ရပ် ချမှတ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ အကျုံးဝင်သည့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကြီးကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ပူးပေါင်းဆောင်ရွက်

ယနေ့ အချိန်အခါ ကာလသည် (၁၅)နှစ် စီမံကိန်း၊ ဒုတိယ(၅)နှစ်ပိုင်း၏ နောက်ဆုံးနှစ်ကို ရောက်ရှိနေပြီ ဖြစ်သဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းရပ်ကြီး အတော်ပင် အောင်မြင်ခရီးရောက်နေပြီဟု ဆိုရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းရပ်များအပေါ် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း သုံးစွဲမှု ပပျောက်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) က ချမှတ်ထားသည့်"မူးယစ်ဆေး လွှမ်းမိုးစိုးမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ" "No Individual, Family or Community is Safe where Illiclt drugs take control" ဟူသော ဆောင်ပုဒ်နှင့်အညီ လူထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများ၊ ဆေးစွဲသူများကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း နိုင်ငံအဝန်းအရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိနေကြောင်း ပြောကြားလိုပါကြောင်း။



၂၂၃၉၅၅၀ ပြား ထပ်မံဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဤဖြစ်စဉ်တွင် ဖမ်းဆီးရမိဆေးပြားစုစုပေါင်း ၇၂၅၂၀၃၅ ပြား ရှိပါကြောင်း၊ ဖမ်းဆီးရမိဆေးပြားများအားလုံးသည် တံဆိပ်များအရ အိမ်နီးချင်းနိုင်ငံများကသာ ဝင်ရောက်လာခြင်းဖြစ်ပါကြောင်း။

အထက်ကတင်ပြခဲ့သည့် ဖမ်းဆီးရမိမှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး သတင်းကွင်းဆက်များကို စိစစ်ဖော်ထုတ်ဆဲဖြစ်ကြောင်းလည်း တင်ပြလိုပါကြောင်း။

## အသိပေးပြောကြား

Precursor ဟု ခေါ်သည့် ဓာတုကုန်ကြမ်းမရှိလျှင် မူးယစ်ဆေးဝါးဆိုသည်မှာ ဖြစ်မလာပါကြောင်း (No Precursor; No Drugs)၊ ထို့ကြောင့် ဓာတုကုန်ကြမ်း Precursor Chemical များ မိမိနိုင်ငံအတွင်းသို့ တရားမဝင်လမ်းကြောင်းပြောင်းလဲ စီးဝင်မလာရန် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို မိမိတို့တစ်နိုင်ငံတည်း ဆောင်ရွက်၍ မရသကဲ့သို့ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရမှာကို သိရှိခံယူသည့် နည်းတူ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများဖြစ်သော အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ လာအို၊ ရုရှားဖက်ဒရေးရှင်း၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ထိုင်း စသည့် နိုင်ငံများနှင့်လည်း နားလည်မှု စာချွန်လွှာ (Memorandum of Understanding-MoU) များ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

## သိသာထင်ရှား

နိဂုံးချုပ်အနေနှင့် အထက်က တင်ပြခဲ့သည့် ဖမ်းဆီးအရေးယူမှုများကို ကြည့်လျှင် နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးဆိုသည့် မူးယစ်ဆေးဝါးပပျောက်ရေး နည်းဗျူဟာလုပ်ငန်းစဉ်(၃)ရပ်ကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိသာထင်ရှားနေပါကြောင်း၊ တစ်ဖက်ကလည်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး၌ မိမိတို့ တာဝန်ရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မူးယစ်ဆေးဝါးကိစ္စများကို မလိုလားကြသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိဆန့်ကျင်နေကြသော ပြည်သူများနှင့် လက်တွဲပူးပေါင်းပြီး ဆက်လက်ရှင်းလင်းဖော်ထုတ် ဆောင်ရွက်သွားမှာလည်း ဖြစ်ပါကြောင်း၊ အခြားတစ်ဖက်ကလည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း နယ်မြေ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ပြည်သူများ၏ အားနှင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရင်း မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကြီး အောင်မြင်နိုင်ရေးအတွက် အပြည့်အဝ စွမ်းအားကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါကြောင်းဖြင့် ပြောကြားသည်။

## စမ်းသပ်စစ်ဆေး

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယကနှင့် သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြားမူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရာရှိများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များသည် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများနှင့် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို အသေးစိတ် ကြည့်ရှုစမ်းသပ်စစ်ဆေးကြသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယကနှင့် သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရန်ကုန်အခြေစိုက် နိုင်ငံခြားမူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရာရှိများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပသတင်းထောက်များ ခင်းကျင်းပြသထားသော မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစမ်းသပ်စစ်ဆေးကြစဉ်။** (သတင်းစဉ်)

## ရုပ်သိမ်း

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး M. E. Mr. Robert Chua Hian Kong နှင့် ကျိုင်းတုံမြို့မှ မြို့မိမြို့ဖ ဦးစိုင်းအောင်ခမ်းတို့က မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြပြီး မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အခမ်းအနားတွင် မီးရှို့ဖျက်ဆီးလိုက်သော မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုဆေးရည်နှင့် ဆက်စပ်ပစ္စည်းများမှာ စိတ်ကြွဆေးပြား

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးစဉ်။** (သတင်းစဉ်)

# ဖမ်းဆီးရမိ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းတို့၏ စုစုပေါင်းတန်ဖိုးမှာ မြန်မာငွေကျပ် ၉၃ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၉၃ သန်းကျော်)ဖြစ်။

စုစုပေါင်းတန်ဖိုးမှာ မြန်မာငွေကျပ် ၉၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၉၃ သန်းကျော်) ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက၊ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရန်ကုန် အခြေစိုက်နိုင်ငံခြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရာရှိများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များသည် တာဝန်ရှိသူများလိုက်ပါလျက် ကျိုင်းတုံမြို့ ဖွံ့ဖြိုးတိုးတက်မှု၊ နောင်တုံကန်နှင့် ပတ်ဝန်းကျင် သာယာလှပမှု၊ ဒေသခံပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနေမှုနှင့် ရောင်းဝယ်ဖောက်ကားမှု၊ စတိုးဆိုင်များ ဖွင့်လှစ်ထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြပြီး ညနေပိုင်းတွင် ကျိုင်းတုံမြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

**ကျိုင်းတုံမြို့မှ မြို့မိ မြို့ဖ ဦးစိုင်းအောင်ခမ်း မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးစဉ်။** (သတင်းစဉ်)

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေအတွင်း မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။** (သတင်းစဉ်)

● **စာမျက်နှာ ၉ မှ**

၆၉၉၈၅၅၄ ပြား၊ ဘိန်းဖြူ ၈၁၉ ဒသမ ၇၅၃၆ ကီလို၊ အိုက်စ် ၁၀ ဒသမ ၀၄၅ ကီလို၊ ဘိန်းစိမ်း ၁၅၆ ဒသမ ၃၁၈၅၅ ကီလို၊စိတ်ကြွဆေးမှုန့် ၀ ဒသမ ၁၈ ကီလို၊ စိတ်ကြွဆေးရေစို ၀ ဒသမ ၀၃၉၄ ကီလို၊ ကဖင်း ၁၀၃၁ ကီလို၊ ဘိန်းဆီခဲ ၀ ဒသမ ၀၃၁ ကီလိုနှင့် ဘိန်းချေး ၀ ဒသမ ၀၁၈ ကီလိုတို့ ဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းတို့၏

## မြန်မာ့လက်ရွေးစင် အားကစားအဖွဲ့များ ဗီယန်ကျင်းမြို့သို့ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၀၉ခုနှစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းအောင် ခေါင်းဆောင်သော အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင် ဘိလိယက်နှင့် စနူကာ၊ လက်ဝှေ့၊ သေနတ်ပစ်၊ အလေးမ၊ မြားပစ်၊ ရေကူးနှင့် ကရာတေးဒို အားကစားအဖွဲ့များသည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

အဆိုပါ မြန်မာ့လက်ရွေးစင် အားကစားအဖွဲ့များအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းအားကစားအဖွဲ့တွင် အားကစားသမား စုစုပေါင်း ၉၅ ဦးလိုက်ပါသွားကြသည်။ အလားတူ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဦးဆောင်လျက် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ဂေါက်သီးနှင့် တိုက်ကွမ်ဒိုအားကစားနည်းများမှ မြန်မာ့လက်ရွေးစင် အားကစားသမား ၉၄ ဦးတို့သည် (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဒီဇင်ဘာ ၅ရက် ညနေ ၅နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗီယန်ကျင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## ပုဏ္ဏားကျွန်းမြို့နယ်အသင်း လေ့လာရေးခရီးထွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၀၀ ပြည့်နှစ် ရခိုင်ခရီးစဉ်မှ စတင်ခဲ့သော ပုဏ္ဏားကျွန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၁၀) ကြိမ်မြောက် ဒေသန္တရ ဗဟုသုတရရှိရေးနှင့် လေ့လာရေးခရီးစဉ်အဖြစ် တောင်ကြီး၊ အင်းလေး၊ ပင်းတယနှင့် ကလောမြို့များသို့ ဒီဇင်ဘာ ၂၄ရက် (ကြာသပတေးနေ့)တွင် ၄ ညအိပ် ၅ ရက် သွားရောက်မည်ဖြစ်ပါ၍ လိုက်ပါလိုသူများအနေဖြင့် ဦးသင်းကြန်အောင် ဖုန်း-၅၇၈၆၈၈၊ ဦးရန်အောင် ဖုန်း-၀၉-၈၆၄၀၃၁၆၊ ဦးမောင်ကျန် ဖုန်း-၀၉-၈၅၀၁၈၈၀၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၅၂၈၂၄၊ ဦးခင်မောင်ရွှေ ဖုန်း-၀၉-၅၁၇၃၄၄၂နှင့် ဒေါ်လှနု ဖုန်း-၀၉-၅၀၆၈၄၅၆ တို့သို့ ဒီဇင်ဘာ ၁၆ရက် နောက်ဆုံးထား ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

**မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကော့ပရံ-ဘလောက်ညောင်ဝိုင်း ကျေးရွာချင်းဆက်လမ်း အခြေအနေအား မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေး (ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေအတွင်း မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။** (သတင်းစဉ်)

## အထက(၄)ဗိုလ်တထောင် (ယခင် အလက-၁၊ ဗိုလ်တထောင်) (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

အထက(၄) ဗိုလ်တထောင်၊ အလက(၁)ဗိုလ်တထောင် (ဘရန့်ချ်ကွန်ဗင့်) ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အထက(၄) ဗိုလ်တထောင် သီရိမာလာခန်းမ၌ ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ၁၉၆၀-၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အသက်(၆၀)နှင့် အထက် အငြိမ်းစား ဆရာမကြီးများအား ပူဇော်ကန်တော့ရန် ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသူဟောင်းများသည် ဒေါ်ခင်ပြုံးဝင်း (ကျောင်းအုပ်ဆရာမကြီး အထက-၄၊ ဗိုလ်တထောင်) ဖုန်း-၂၅၄၂၄၆၊ ၂၉၄၁၂၇၊ ဒေါ်မြင့်မြင့်ဦး ဖုန်း-၀၉-၅၀၃၈၉၂၉၊ ဒေါ်ခင်ပပလွင် ဖုန်း-၀၉-၅၁၈၄၈၃၂၊ ဒေါ်သီတာခင် ဖုန်း-၂၉၀၂၇၂၊ဒေါ်အေးအေးခိုင် ဖုန်း-၀၉-၅၀၉၈၃၀၆၊ ဒေါ်စန်းစန်းလှ ဖုန်း-၂၉၃၁၉၇နှင့် ဒေါ်သီသီဝင်း ဖုန်း-၂၉၂၄၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ဓာတ်ဆီဖြည့်မှု သတိပြု

**ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီ ဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။**

မီးသတ်ဦးစီးဌာန

## မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် ဒီဇင်ဘာ ၈**

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်ဈေးများ မီးလောင်ဆုံးရှုံးခြင်းမှ ကာကွယ်ရန်အတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ စုပေါင်းလျက် ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်မျိုးထွန်းတို့ ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

# တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ  ၈**

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီယက်နမ်အသင်း တိုက်စစ်ကို မြန်မာ ဂိုးသမား မောင်ယမင်း နှင့် နောက်ခံလူများ ကာကွယ်စဉ်။

## အရှေ့တောင်အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာနှင့် ဗီယက်နမ် သရေကျ

**ဗီယန်ကျင်း  ဒီဇင်ဘာ  ၈**

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ အားကစားရွာရှိ တက္ကသိုလ်အားကစားကွင်း၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

**မြန်မာအမျိုးသမီးအသင်း - တစ်ဂိုး**
**ဗီယက်နမ်အမျိုးသမီးအသင်း - တစ်ဂိုး**

မြန်မာအမျိုးသမီးအသင်းမှာ သုံးပွဲဆက် သရေဖြစ်ခဲ့သောကြောင့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရန် အလားအလာ မှေးမှိန်သွားရပြီဖြစ်သည်။

၁၄ မိနစ်တွင် ဗီယက်နမ်အသင်းအတွက် ဦးဆောင်ဂိုးကို ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒေါ်ကင်ချီက ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ချေပဂိုးရရှိရန် မိုင်နီလာထွေးအစား မာဂရက်မေရီ၊ အေးနန္ဒာလှိုင်အစား စန်းယုနိုင်၊ သူဇာထွေးအစား သီရိမြတ်တို့ကိုထည့်ကာ ကစားအားမြှင့်ခဲ့သည်။ ၇၆ မိနစ်တွင် မြန်မာအသင်းအတွက် ချေပဂိုးကို နောက်ခံလူ မိုးမိုးဝါက ပယ်နယ်တီမှတစ်ဆင့် ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ အနိုင်ဂိုး ထပ်မသွင်းနိုင်ဘဲ ဗီယက်နမ်အသင်းနှင့် သရေကျခဲ့သောကြောင့် သုံးပွဲကစား၊ သုံးပွဲသရေကျကာ အုပ်စုတက်ရန် အခွင့်အလမ်း နည်းသွားပြီဖြစ်သည်။

မြန်မာအသင်းသည် နောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၃ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။(ကြေးမုံ)

**အားကစားမြှင့်တင် စိတ်လန်းရှင်**

## NLD ဌာနချုပ်သို့ နိုဝင်ဘာလအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၂၆)ကြိမ် ဝင်ထွက်ခဲ့

**ရန်ကုန်  ဒီဇင်ဘာ  ၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၉ ခုနှစ် နိုဝင်ဘာလအတွင်း (၂၆)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD,CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မင်္ဂလာဧည့်ခံပွဲ အထူးကျေးဇူးတင်လွှာ

၅-၁၂-၂၀၀၉ရက် (စနေနေ့) Traders Hotel ၌ ကျင်းပပြီးစီးခဲ့သော မောင်အောင်ဘုန်းမြတ်မင်းနှင့် မသန္တာမောင်တို့၏ မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီး ဒေါ်တင်တင်ညွန့်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့်အားလည်းကောင်း၊ ၅-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Traders Hotel ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်အားလည်းကောင်း၊ ၇-၁၁-၂၀၀၉ ရက်တွင် စုလျားရစ်ပတ်လက်ထပ်ပေးပါသော သုခမ္မမဏိဇောတရေ ဆရာလေး ဦးလှဝင်းအောင် လူမှုထူးချွန်(ပထမဆင့်)အားလည်းကောင်း၊ ၅-၁၂-၂၀၀၉ ရက်ည မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ ညစာစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါသော ရွှေတောင်ကုန်းအဖွဲ့၊ ဦးဇော်အေးမောင်နှင့်မိသားစု၊ ဦးအေးနှင့်ဇနီး ဒေါ်သင်းသင်း၊ ဦးချန်ဟိန်းနှင့်ဇနီး ဒေါ်မြင့်မြင့်သီ၊ (PMG-ဥက္ကဋ္ဌ)ဦးထွန်းလင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်စိုးတို့အားလည်းကောင်း၊ ညစာစားပွဲတွင် ပျော်ရွှင်စရာကစားနည်းများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသော (Dream Boat)အဖွဲ့မှ ကိုမောင်မောင်အေးနှင့် ကိုဆန်းထွဋ်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော ဦးစစ်စွမ်နှင့်ဇနီး ဒေါ်မိုးစန္ဒာလွင်၊ ဦးကျော်ဇင်နှင့်ဇနီး ဒေါ်ယမင်းသီဟအောင်တို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်ဘုန်းမြတ်မင်းနှင့်မသန္တာမောင်**

## မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန် အနည်းငယ်လျော့နိုင်

ရန်ကုန်  ဒီဇင်ဘာ  ၈

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ရန်ကုန်တိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့နှင့် လွိုင်လင်မြို့တို့တွင် သုည ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ အမ်းမြို့နှင့် တီးတိန်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် မင်းတပ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုညဒသမ ဝ၈ လက်မ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။** ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၉ ရက် ညနေထိ ခန့်မှန်းချက် ။ ။** ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။ ။** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။** မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## အင်တာမီလန် အုပ်စုတက်ရေး မဖြစ်မနေ အနိုင်ကစားရတော့မည်
## ချန်ပီယံလိဂ် အုပ်စုနောက်ဆုံး ဒုတိယနေ့ပွဲစဉ်များ

**၁၀-၁၂-၂၀၀၉ (ကြာသပတေးနေ့)**
**နံနက် ၂း၁၅ နာရီ**

**ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ် ဒုတိယနေ့ပွဲစဉ်များမှာ အင်တာမီလန်အသင်းအနေနဲ့ မဖြစ်မနေ အနိုင်ကစားရမှာဖြစ်သလို ဘာစီလိုနာ၊ လိုင်ယွန်နဲ့ ဆီဗီလာတို့ကလည်း အုပ်စုဗိုလ်ရရေး ကြိုးစားကြရဦးမှာပါ။**

**အုပ်စု(င)**

**လီဗာပူး - ဖီအိုရင်တီးနား**

အုပ်စုကထွက်လိုက်ရပြီဖြစ်တဲ့ လီဗာပူးဟာ အာဆင်နယ်နဲ့ ပရီမီယာလိဂ်ပွဲကျပ်ကစားရဖို့ ရှိနေတာကြောင့် ဒီပွဲကိုအာရုံစူးစိုက်မှုအပြည့် ရှိတော့မှာ မဟုတ်ပါဘူး။ လီဗာပူးက ဂုဏ်သိက္ခာအတွက်သာ ကစားလာမှာဖြစ်ပေမယ့် ဖီအိုရင်တီးနားကတော့ အုပ်စုဗိုလ်ရရေး တင်ကစားလာဦးမှာပါ။ ဒါကြောင့် ဖီအိုရင်တီးနား အဝေးကွင်းမှာ အနည်းဆုံး သရေတော့ ကစားနိုင်မှာပါ။

**လိုင်ယွန် - ဒီဘရီစင်**

လိုင်ယွန်ရဲ့ အိမ်ကွင်းခြေစွမ်းက အထူးကောင်းမွန်နေပါတယ်။ လိုင်ယွန်ဟာ အုပ်စုဗိုလ်ရရေး မျှော်လင့်ချက်နဲ့ ဒီပွဲကို အသေအချာပြင်ဆင်ပြီး ကစားလာမှာပါ။ နိုင်ပွဲလုံးဝမရရှိသေးတဲ့ ဒီဘရီစင် ဂိုးပြတ်မရှုံးအောင်ဘဲ ဂရုစိုက်ရမှာပါ။

**အုပ်စု(စ)**

**အင်တာမီလန် - ရူဘင်ကာဇင်**

ဒီပွဲမှာ အနိုင်ရတဲ့အသင်း အုပ်စုကတက်လာနိုင်မှာပါ။ ရူဘင်ကာဇင်ရဲ့ ခြေစွမ်းကမဆိုးပေမယ့် အီတလီမြေမှာ အင်တာမီလန်ကို ကျော်ဖြတ်နိုင်ဖို့ ဆိုတာတော့ ခက်လှပါတယ်။ အင်တာမီလန် အနိုင်သေချာပေမယ့် ဂိုးပြတ်ဖို့တော့ ခက်ပါလိမ့်မယ်။

**ဒိုင်နမိုကီယက် - ဘာစီလိုနာ**

ဒိုင်နမိုကီယက် အုပ်စုတက်ရေးမျှော်လင့်ချက် မှေးမှိန်သွားပေမယ့် ယူရိုပါလိဂ်ဝင်ခွင့်ရရေးမျှော်လင့်ချက်နဲ့ တင်ကစားလာဦးမှာပါ။ ဒါပေမယ့် ရင်ဆိုင်ရမယ့် အသင်းက အုပ်စုဗိုလ်ရရေး အမှတ်ရှာလာမယ့် ဘာစီလိုနာ ဖြစ်နေတာကြောင့် အိမ်ရှင်ဒိုင်နမိုကီယက် သရေထက် မပိုတဲ့ပွဲပါ။

**အုပ်စု(ဆ)**

**စတုဂတ် - ရူနီရီအာ**

ရူနီရီအာ သရေရရုံနဲ့ အုပ်စုကတက်နိုင်မှာဖြစ်ပေမယ့် စတုဂတ်ကတော့ အနိုင်ရမှ အုပ်စုကတက်နိုင်မှာပါ။ ဒါပေမယ့် စတုဂတ်ဟာ ဘွန်ဒက်စ်လီဂါမှာ တန်းဆင်းဇုန်က ရုန်းမထွက်နိုင်လောက်တဲ့အထိ ခြေပျက်နေပါတယ်။ ဒါကြောင့် ဒီပွဲဟာ ပထမအကျော့ကလိုပဲ သရေနဲ့အဆုံးသတ်ဖို့ များနေပါတယ်။

အင်တာမီလန်အသင်းတွင် အားထားရသည့် တိုက်စစ်မှူး မီလီတို။

**ဆီဗီလာ - ရိန်းဂျားစ်**

ဆီဗီလာ အုပ်စုကတက်သွားပြီဖြစ်ပေမယ့် အုပ်စုဗိုလ်ရရေး ကြိုးစားရဦးမှာပါ။ ရိန်းဂျားစ်ကတော့ ယူရိုပါလိဂ်ဝင်ခွင့်တောင် မရရှိတော့တဲ့အသင်းပါ။ ဆီဗီလာ ဂိုးပြတ်နိုင်မလားဆိုတာပဲ စောင့်ကြည့်ရမယ့်ပွဲပါ။

**အုပ်စု(ဇ)**

**အိုလံပီယာကော့စ် - အာဆင်နယ်**

အာဆင်နယ် အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့် တက်သွားပါပြီ။ အိုလံပီယာကော့စ်ကတော့ ဒီပွဲမှာ အနည်းဆုံး သရေတစ်မှတ်ရမှ အုပ်စုကတက်ခွင့်ရှိမှာပါ။ အာဆင်နယ်ဟာ ပရီမီယာလိဂ်မှာ လီဗာပူးနဲ့ အဝေးကွင်း ပွဲကျပ်ကစားဖို့ရှိနေတာက အိုလံပီယာကော့စ်အတွက် ကံကောင်းစေမှာပါ။

**စတန်းဒတ်လီဂီ-အဲလ်ခမာ**

စတန်းဒတ်လီဂီအတွက် အုပ်စုတက်ရေးမျှော်လင့်ချက်က အလှမ်းဝေးလှပါတယ်။ ဒါပေမယ့် ယူရိုပါလိဂ်ဝင်ခွင့်ရရေးအတွက် အိမ်ကွင်းအားသာချက်နဲ့ ကြိုးစားလာဦးမှာပါ။ အဲလ်ခမာအတွက် နောက်ဆုံးမျှော်လင့်ချက်က ယူရိုပါလိဂ်ဝင်ခွင့်သာရှိတော့တာကြောင့် အကြိတ်အနယ်ရှိလာမယ့်ပွဲပါ။ ဒီပွဲမှာ အိမ်ရှင် စတန်းဒတ်လီဂီ ကပ်နိုင်ခွင့်ရှိသလို သရေလည်းကျသွားနိုင်ပါတယ်။

ဖီအိုရင်တီးနား တိုက်စစ်ကို ဦးဆောင်လာမည့် တိုက်စစ်မှူး မူတူး။

**ဝင်းတင် (ကြေးမုံ)**
**အဆင်အပြင် - တင်ထွန်းတာ**

နိုင်ငံတကာ စံချိန်၊ စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ

၁၀/၂၀၀၈ တဆဆလ(တိုး) ၁၀၃
ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
၀၅၁၀ (YR)၀၀၁၅၂၀

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

နဂါးအမှတ်တံဆိပ်

ဖင်ရင်း - ဦးသာရင်ဆေးတိုက်

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက်သောက်သုံးနိုင်ပါသည်။

SGS UKAS
Certificate TH06/0850.0QM

နီလာ အပြည်ပြည်ဆိုင်ရာခရီးသွားလာရေးလုပ်ငန်း
မဒေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၁)ညအိပ် (၁၂)ရက် - ဗုဒ္ဓဂယာ + သံဝေဇနီယလေးဌာန (ဖွား+ပွင့်+ဟော+စံ) (၉)သိန်းစရိတ်ငြိမ်း။ (India Air Line)
(၁၇)ညအိပ် (၁၈) ရက် - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (3 Stars Hotel) + (တပ်ရှ်မဟာ + ဝင်ကြေး) + ကိုလ်ကတ္တား (Shopping + ဗဟုသုတရစရာနေရာများ) (၁၀)သိန်း (၅)သောင်းစရိတ်ငြိမ်း။ (India Air Line)

**နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ (၂၈.၁၂.၀၉) ခရီးစဉ်အတွက်သီးသန့်အထူးဈေးနှုန်း**

(၂၈.၁၂.၀၉) (၁၁) ညအိပ် (၁၂) ရက်ခရီးစဉ် စရိတ်ငြိမ်း - (၈)သိန်းကျပ်တိတိ၊ ယခင် (၉) သိန်းကျပ်မှ ယခု (၈) သိန်းကျပ်တိတိဖြင့် စရိတ်ငြိမ်းလိုက်ပါခွင့်ပြုမည်ဖြစ်၍ အမြန်ဆုံး စာရင်းပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။ နိုင်ငံကူးလက်မှတ်မရှိသူများ အနည်းဆုံး (၃၅) ရက် ကြိုတင် ပြုလုပ် ရမည်ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့်နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ (၁) သိန်းသာပေးသွင်း၍စာရင်းပေး သွင်းထားနိုင်ပါသည်။ ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ (လုံးဝ) မဆုံးရှုံးပါ။

**နီလာဘုရားဖူးအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်ကူး အထူးကံစမ်းမဲအစီအစဉ်**

(၂၉.၁.၂၀၁၀) ရက်နေ့၌ ထွက်ခွာမည့်ခရီးစဉ်တွင် လိုက်ပါမည့်ဘုရားဖူးများအား အထူးဆု ဗုဒ္ဓဂယာသို့ (၁) ဦးအခမဲ့ လိုက်ပါခွင့်၊ လေယာဉ်လက်မှတ် (၃) စောင်နှင့် အခြားဆုမဲပေါင်းများစွာကို ကံစမ်းပေးဦးမည်ဖြစ်ကြောင်းကို ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

**ထွက်ခွာမည့်နေ့ =** ဒီဇင်ဘာလတွင် (၂၅၊ ၂၈) ရက်။ ဇန်နဝါရီလတွင် (၈၊ ၁၁၊ ၁၅၊ ၂၂၊ ၂၅၊ ၂၉) ရက်။
ဖေဖော်ဝါရီလတွင် (၅၊ ၈၊ ၁၂၊ ၁၉၊ ၂၂၊ ၂၆) ရက်။ မတ်လတွင် (၅၊ ၈၊ ၁၂၊ ၁၉၊ ၂၂၊ ၂၆) ရက်။
ဧပြီလတွင် (၂၊ ၅၊ ၉၊ ၁၆၊ ၁၉၊ ၂၃၊ ၃၀) ရက်။

ခရီးစဉ်အားလုံးအတွက် ဝန်ဆောင်မှုများသည် ရန်ကုန်မှစတင်ထွက်ခွာသည့်နေ့မှစ၍ ရန်ကုန်သို့ပြန်လည်ရောက်ရှိသည့် နေ့အထိ စရိတ်ငြိမ်းဖြစ်ပါသည်။
အမှတ် (၃၁၅)၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၃၈၄၀၆၆၊ ၃၈၄၃၆၆၊ ၀၉ - ၉၉၇၃၃၉၅၊ ၀၉ - ၈၆၁၂၀၀၃၊ ၀၉ - ၈၆၁၀၀၄၅၆

Congratulations

ရွှေပြည်နန်းမြန်မာ့ရိုးရာသနပ်ခါးကုမ္ပဏီသည်
ဖိလစ်ပိုင်နိုင်ငံမနီလာမြို့မှ ချီးမြှင့်သောနိုင်ငံတကာအဆင့် ဆုများဖြစ်သည့်

GLOBAL EXCELLENCE AWARDS (2008)
PEOPLE'S CHOICE AWARDS (2009)

ဆုများရရှိခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မန္တလေးတိုင်းမှ အရောင်းကိုယ်စားလှယ်ကြီးများ

၇ ရက်သတင်းဂျာနယ်
7DAY NEWS JOURNAL

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၈)၊ အမှတ်(၃၉)

တစ်ပတ်အတွင်း ပြည်တွင်းပြည်ပသတင်းများကို တစ်စောင်တည်းဖတ်ရုံဖြင့် ပြည့်ပြည့်စုံစုံသိလိုရင် 7Day News ကိုရွေးလိုက်ပါ

- ခိုင်ရွှန်းလဲ့ရည်၏ သေဆုံးမှုမိသားစုက ကျေအေးလိုက်ပြီ
- ကျပ်သိန်းထောင်ဂဏန်းအထက် မြှုပ်နှံလိုသူများ အိမ်၊ ခြံ၊ မြေဘက်လှည့်
- မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးကိုယ်စားလှယ် ဂမ်ဘာရီမဟုတ်တော့
- မော်ဒယ်သရုပ်ဆောင် မြတ်နိုးခြိမ့် ကွယ်လွန်
- မြန်မာငါးဖမ်းသမား ၁၂ ဦးကို သီရိလင်္ကာရေတပ်က ဆယ်ယူ
- ဖမ်းမိထားသော ရေပိုင်နက်ကျော် နိုင်ငံခြားသား ငါးဖမ်းသမားများအား တရားစွဲဆို
- ကျောက်ဖြူဆိပ်ကမ်းသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ပို့ဆောင်ရေးအတွက် အချက်အချာဖြစ်လာမည်
- ဆရာဝန် ကျင့်ဝတ်နှင့်မြန်မာ့လက်ရှိကျန်းမာရေး စောင့်ရှောက်မှု အထူးဆောင်းပါး စသည့်.....

ဆက်သွယ်ရန်ဖုန်း - ၇၂၁၅၇၈
သတင်းထူးများ၊ ဆောင်းပါးများ၊ ကဏ္ဍစုံ လင်စွာဖြင့် . . .

"လူကြီးမင်း" ၏ တံ့ပြန်မှု

အာမခံကတ်ပြား = 32GB Idou U1i
ရှိရုံဖြင့် ၂၀၁၀ခုနှစ်ဇန်နဝါရီလ၊
(၉)ရက်နေ့မှာ ဖုန်းများကို N97
ဘယ်သူပိုင်ဆိုင်မလဲ Omnia-II

လူကြီးမင်း CELL PHONE VILLA

www.lugyimin.com

## သားအဖြစ်မှစွန့်လွှတ်ခြင်း

[၁၂/စခန(နိုင်)၀၅၈၃၆၈]ကိုင်ဆောင်သူ မောင်မြတ်လွင်သည် မိဘ၏ဆိုဆုံးမမှုကို မနာခံခြင်း၊ မိဘအားစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**မိခင် ဒေါ်အုန်းကြည်[၁၂/လသန(နိုင်)၀၀၄၆၄၁]**

မူးယစ် ကင်းစင် အလှဆင်

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏သားဖြစ်သူ မောင်ကျော်သူ[၈/မကန(နိုင်)၀၀၀၂၃၃]သည် မိဘစကားနားမထောင်၊ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးတင်သန်း-ဒေါ်အေးအေးနွယ်**
**အေးမြနန္ဒာစတိုး**
**မကွေးမြို့**

## ကျေးဇူးဆပ်ပါမည်

နိုင်ငံကူးလက်မှတ်များ ဖြစ်သော (No.314166-စိုးတင့်၊ No.42846- ဟိန်းထက်လင်း၊ No.663308-ကြူကြူ) တို့သည် သက်တမ်းတိုးရန် ပြင်ဆင်နေသည့်အချိန်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပြီး အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၈၇၃၀၆**

HG Curtain Laundry Service
(လိုက်ကာလျှော်ဖွပ်လုပ်ငန်း)

ညစ်ပေနေသောလိုက်ကာများအတွက် HGနှင့်ဆက်သွယ်လိုက်ပါ.....
လိုက်ကာများအား လျှော်ဖွပ်၊ အစွန်းချွတ်၊ မီးပူတိုက်ပေးပြီး
အိမ်တိုင်ရာရောက်ပြန်လည်တပ်ဆင်ပေးပါမည်။

ဖုန်းလေးသာဆက်လိုက်ပါ.....
Ph: 700 109, 296 193, 585 349 Hawk Group

ရာပြည့်စာအုပ်ဆိုင် (၁၁) နှစ်ပြည့်
အထူးလျှော့ဈေး စာအုပ်ရောင်းပွဲ
( ၂၀၀၉ ဒီဇင်ဘာ ၇ မှ ၁၃ ထိ )

ရာပြည့်နှင့် ဖူးပွင့်ဝေဝေတိုက်ထုတ် - လက်လီ ၁၅ %၊
ကိုယ်စားလှယ်များ ၂၀ %နှင့် အခြားတိုက်ထုတ်
၁၀ %လျှော့ဈေး။

နေရာ - ၃၅ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်။
- အင်းစိန်လမ်းမကြီးနှင့် ဓေယျာသီရိလမ်းထောင့်၊
လှည်းတန်းမှတ်တိုင်အနီး။ [အချိန် - နံနက် ၉ နာရီမှ ညနေ ၅ နာရီ]

စေတနာစာပေ စီစဉ်သူ ... မောင်ကျော်လှိုင်

လမင်းမိုမို ဆုမြတ်မွန်မွန်

အချစ်စစ်တစ်ခုအကြောင်း
သူမျက်တောင်ဖျားတွေပေါ်မှာတစ်ရေးအိပ်ခွင့်

## အထက (၂) ရေနံချောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရေနံချောင်းမြို့ အမှတ်(၂) အစိုးရအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး အသက်(၆၀)ပြည့်အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့)တွင်အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျောင်းသားဟောင်းများတက်ရောက်ကြရန်နှင့်အလှူငွေ၊ လှူဖွယ်ပစ္စည်းများကို ရန်ကုန်မြို့တွင် ဦးဉာဏ်ဝင်း ဖုန်း-၀၁-၅၅၅၁၃၈၊ ၀၉-၅၁၁၅၈၅၅၊ ဒေါ်ချိုချိုဝင်း ဖုန်း-၀၉-၈၀၃၀၀၃၇၊ မန္တလေးမြို့တွင် ဦးသိန်းထွန်း ဖုန်း-၀၉-၅၃၃၇၂၃၈၊ ဦးရဲထွန်း ဖုန်း-၀၂-၆၀၃၇၁၊ ၆၀၃၇၇၊ ဦးမြင့်သူ ဖုန်း၀၂-၇၁၀၅၇၊ နေပြည်တော်တွင် ဦးလှိုင်ဘုန်းမြင့် ဖုန်း-၀၆၇-၄၁၂၃၄၄၊ ရေနံချောင်းမြို့တွင် အထက(၂)ဖုန်း-၀၆၀-၂၁၀၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်း ရွှေသမင်မြို့ ကွက်သစ်စွမ်စော်အတွင်းလမ်းသွယ် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွှန့်ဟန်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## အထက(၁)တာမွေ မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

အထက(၁)တာမွေ ၁၉၇၂-၇၃ ဝန်းကျင် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် (၁၅)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမ၌ ကျင်းပ မည်ဖြစ်သည်။

ပူဇော်ပွဲသို့ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးမောင်မောင်ကြီး (သချာ) ဖုန်း-၅၅၂၀၅၄၊ ၀၉-၅၁၈၆၆၃၇၊ ဒေါက်တာ တင်စံဦး ဖုန်း-၀၉-၅၁၃၃၉၆၆၊ ဒေါက်တာသန်းသန်းစိုး ဖုန်း-၇၂၄၅၉၀၊ ၀၉-၅၁၉၄၈၄၀၊ ဒေါ်အေးအေးသန်း ဖုန်း-၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါ်နီနီမြင့် ဖုန်း-၅၄၂၄၀၁၊ ဒေါ်ခင်အေးမြင့် ဖုန်း-၂၅၄၁၀၈၊ ဒေါ်ကျင်ကျင်စန်း ဖုန်း-၅၄၅၈၆၆နှင့် ဒေါ်လှလှမူ ဖုန်း-၅၄၃၇၉၁တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

## ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲ တိုက်ကြီးမြို့နယ်၌ကျင်းပ

**တိုက်ကြီး ဒီဇင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား (အလွတ်တန်း) ဖူဆယ် ဘောလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီက မြို့နယ် ဂျိုးဖြူအားကစားကွင်း၌ ကျင်းပ သည်။

အခမ်းအနားတွင် မြို့နယ်အား/ကာ ဦးစီးအရာရှိ ဦးငွေအောင်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရ ဘောလုံးအသင်းသားများနှင့် အကောင်းဆုံးအားကစားသမားဆု ရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ် ချီးမြှင့်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က ပထမဆု Royal F.C ဘောလုံးအသင်း ကိုယ်စား အသင်းအုပ်ချုပ်သူနှင့် နည်းပြတို့အား ပထမဆုဖလားကြီးကို ပေးအပ် ချီးမြှင့်သည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က ပထမဆုရ Royal F.C ဘောလုံးအသင်းကိုယ်စား အသင်းအုပ်ချုပ်သူနှင့် နည်းပြတို့အား ပထမဆုဖလားကြီးကို ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

## ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် ငွေပဒေသာပင်အတွက် လှူဒါန်း

**ဖျာပုံ ဒီဇင်ဘာ ၇**

ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သို့ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သမိုင်း (၂)လမ်း၊ အမှတ် (၇)ရှိ GREAT LIGHT EDUCATION CENTRE ဘော်ဒါမှ ဆရာမ ဒေါ်စုစုထွေး ဦးဆောင်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၆၀တို့သည် ဒီဇင်ဘာ ၁ရက်က လေ့လာရေးခရီး ရောက်ရှိလာပြီး စာကြည့်တိုက်ထာဝရ ငွေပဒေသာပင်၌ ငွေကျပ်တစ်သိန်းတန် ပဒေသာပင် တစ်ပင်စိုက်ထူလှူဒါန်းခဲ့ရာ စာကြည့်တိုက် ဥက္ကဋ္ဌ ဦးမြင့်အောင် (ဖိုးအောင်လေး)က လက်ခံရယူသည်။ **(အပေါ်ပုံ)**

စာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက ဖျာပုံမြို့တွင် စာကြည့်တိုက်မှူး ဖုန်း-၀၄၅-၄၀၉၉၇နှင့် ရန်ကုန်မြို့တွင် မူဝံစာအုပ်တိုက် ဖုန်း-၀၁-၃၈၅၅၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၆၈)

**မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့သစ်မြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ အုတ်ခုံခံ သစ်သားတံတား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအား နိုဝင်ဘာ ၅ ရက်က အမှုဆောင်အရာရှိ ဦးသန့်နိုင် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

**ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပုလဲမြို့နယ် မွေ့တုံကျေးရွာရှိ နှစ်လက်မ စက်ရေတွင်းအား ကွန်ပရက်ဆာနှင့် ရေကန်၊ ရေစက်ရုံ ပြန်လည်ပြုပြင်ပေးပြီး ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ပုံမှန်လည်ပတ်မှုအခြေအနေကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်ထွန်းအောင်နှင့် အမှုဆောင်အရာရှိ ဦးလှမြင့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

## သထုံမြို့ ရေပေးရေးလုပ်ငန်းများ စစ်ဆေး

**သထုံ ဒီဇင်ဘာ ၇**

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ဂါလန် ၃၀၀၀၀၀ဆံ့ ရေဝကန်ရှိ လေသလပ်ခံစင်မှ တစ်ဆင့် မြို့သို့ သောက်သုံးရေ ဖြန့်ဝေပေးနေမှုအား မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်နှင့် အဖွဲ့က ကွင်းဆင်းစစ်ဆေးရာ မြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်က ရှင်းလင်းတင်ပြခဲ့သည်။

**(အောက်ပုံ)**

(မြို့နယ်စည်ပင်)

## စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

**ရေစကြို ဒီဇင်ဘာ ၇**

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ သတ်မှတ်စံ (၅)ချက်နှင့် ကိုက်ညီ၍ စနစ်ကျသော စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရေးအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက်တွင် ရေစကြိုမြို့နယ် ရွာငယ်ကျေးရွာအုပ်စု"ပညာဝဇ္ဇာ"စာကြည့်တိုက်၌ ကျင်းပရာ ရွာငယ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာများမှ စာကြည့်တိုက်မှူးများ၊ တွဲဖက်စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ပညာကို စိတ်ဝင်စားကြသော လူငယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်က စာကြည့်တိုက်ပညာ မိတ်ဆက်ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲရေး၊ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်စီစီမိုးက မျိုးတူစုလုပ်ငန်း၊ ကက်တလောက်လုပ်ငန်းနှင့် ရည်ညွှန်းလုပ်ငန်းတို့ကိုလည်းကောင်း စာတွေ့၊ လက်တွေ့ ဟောပြောဆွေးနွေး လက်တွေ့သင်ကြားပို့ချခဲ့ကြောင်းသိရှိရသည်။

(၃၇၄)

**(၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်က ကောလင်းမြို့ အထကကျောင်း သဇင်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇင်၊ မြို့နယ်ပညာရေးမှူး ဦးသန်းအောင်နှင့် မြို့နယ်တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။**

(ပညာရေး)

## ဥတုရာသီ တောကိုမီး၍

## ဆောင်းသီးနှံစီမံကိန်းတာဝန်ပေး

**မြင်းမူ ဒီဇင်ဘာ ၇**

မြင်းမူမြို့နယ် ၂၀၀၉-၂၀၁၀ ခုနှစ် ဆောင်းသီးနှံစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအေးကြူက စီမံကိန်းသီးနှံစိုက်ပျိုးမှုကို ယခင်နှစ်များနှင့်နှိုင်းယှဉ်တင်ပြသည်။

ထို့နောက် ၂၀၀၉-၂၀၁၀ ခုနှစ် ဆောင်းသီးနှံ တာဝန်ပေးအပ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက ရပ်ကွက်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌများအား တာဝန်ပေးအပ်ခဲ့ကြောင်းသိရသည်။ (၂၂၅)

**ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်နံရံကပ်စာစောင်ပြဘုတ် ဆောက်လုပ်လှူဒါန်း ဖွင့်လှစ်ပွဲကို နိုဝင်ဘာ ၂၇ ရက်ကကျင်းပရာ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်မြင့်ကြည်နှင့် အလှူရှင် MILKY WAY Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးသော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (ကြေးမုံ)

**ဖြူးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းမှု ကော်မတီ ဥက္ကဋ္ဌ ဦးသူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ နိုဝင်ဘာ ၂၅ ရက်က ဖြူးမြို့တောင်ဘက် ညောင်ကားယားကျေးရွာအနီး ရန်ကုန် - မန္တလေး ကားလမ်း၌ မော်တော်ယာဉ်များ ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်လိုင်စင်များ ပြည့်စုံမှု ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှု ရှိ၊ မရှိတို့ကိုစစ်ဆေးစဉ်။** (၁၄၀)

ကြေးမုံ The Mirror
**မြို့နယ် သတင်းများ**

**တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် နိုဝင်ဘာ ၁ ရက်က ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် မြရည်ပုလဲလမ်းကတ္တရာလမ်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်ကိုဦး ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ဦးညွတ်ကျော်ရော် လနတ်တော်

## ဝိသဇ္ဇက (ပဲခူး)

**"ဆယ့်နှစ်ဖြာငယ်၊ ရာသီခနေ့၊ ရွှေဟင်္သာလဲ၊**
**တာရာပြုလို့**
**စေယျှငယ်ပြဟ္မာ၊ ဟေမန္တာမို့၊ မဟာပိန္နဲ့၊**
**နတ်မင်းပွဲမှာ---၊**
**ကျွေးမြဲပူဇော်၊ လနတ်တော်ကို၊ ရှုမျှော်တိမ်ဆီ၊**
**မိဂသီလဲ့၊ ခါညီပွန်းလယ်၊ ထွန်းရောင်ခြည်ခြယ်**
**သောခါ၊ နတ်ရွှေဝဥကင်မှာ**
**ဂမုန်းအင်သဇင်မင်းငယ်က သင်းလှုတယ်လေး"**

(မဟာအတုလမင်းကြီး၏ နတ်တော်လလွမ်းချင်း)

ဤလသည်ကား မြန်မာပြည်၏ မြောက်စွန်းနေခြည်ဖြာ၍ နွေးသောအရပ်မှ ရေခဲပြင်များလွမ်းရာသို့ ကျော်ဖြတ်တိုက်ခတ်လာသည့် မြောက်ပြန်လေညင်းနှင့်အတူ မြူနှင်းတို့ မှိုင်းဝေနေသော ဆောင်းရာသီဖြစ်သည်။ ဤလကို ရာသီအလို "ခနေ့"ခေါ်၏။ မိဂသီ နက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ပြုဗ္ဗာသဠ်နက္ခတ်နှင့် နေမင်းတို့ယှဉ်၏။ ဟင်္သာတာရာထွန်းပ၏။ ရာသီရုပ်မှာ အထက်ပိုင်းလူ၊ အောက်ပိုင်းမြင်းပုံသဏ္ဌာန်ရှိပြီး လေးလက်နက်စွဲကိုင်ထားသော ယောကျ်ားရုပ်ဖြစ်၏။ တချို့က ရှေ့ပိုင်းကလူ နောက်ပိုင်းမြင်းသဏ္ဌာန်ရှိသည်ဟုယူဆကြ၏။ ဤလတွင် ၂၉ ရက်ရှိ၏။ နာရီအားဖြင့် နေ့ ၂၆ နာရီဖြစ်၏။ ညဉ့် ၃၄ နာရီဖြစ်၏။ မြန်မာ့ တစ်ဆယ့်နှစ်လတွင် နတ်တော်လသည် န၀မ လ ဖြစ်၏။

နတ်တော်လ၏ ရာသီပန်းမှာ သဇင်နှင့် ဂမုန်းပန်းဖြစ်၏။ အချို့က နတ်တော်လတွင်ပွင့်သော နတ်ပန်းဟု အယူရှိ၏။ သဇင်ပန်းသည် တောတောင်အတွင်း၌သာ ပေါက်၍ တောတွင်းပန်းဖြစ်၏။ သို့သော် ထီးသုံးနန်းသုံးဖြစ်၍ တော်ဝင်ပန်းဟု သတ်မှတ်ကြ၏။ ရှေးခေတ်က ဆိုလျှင် သဇင်ပန်းကို နန်းတော်သူ၊ နန်းတော်သားတို့ အသုံးပြုပြီးမှ ပြည်သူလူထုက ဆွတ်ယူပန်ဆင်ခွင့်ရှိ၏။ ယခုအချိန်တွင် သဇင်ပန်းသည် ပြည်သူအားလုံးနှင့် သက်ဆိုင်သော ပန်းဖြစ်နေပေပြီ။

နတ်တော်လကို ပုဂံခေတ်ထိုးကျောက်စာတို့တွင် နတ္တာဝ်၊ နတ်တာဝ်၊ နတ္တဝ်ဟု အမျိုးမျိုးရေးထိုးခဲ့ကြ၏။ ဤသည်ကို အစွဲပြုပြီး မြန်မာမှုတွင် "နတ်တော်လ" ဟု အနွတ္တသညာ ခေါ်ဝေါ်သမုတ်ခဲ့ကြခြင်းဖြစ်၏။ နတ်တော်လတွင် နတ်ဟူသော ဝေါဟာရသည် ပါဠိဘာသာ နာထပုဒ်မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရဖြစ်သည်။ (နာတ နာထ် နတ်) အနက်အဓိပ္ပာယ်မှာ ကိုးကွယ်ရာဟု ဆို၏။

ဝေါဟာရလီနတ္ထဒီပနီဆရာကြီးက ပူဇော်ပသသော နတ်တော်အကြောင်းကို နှစ်မျိုးဖွင့်ဆိုထား၏။ ပထမတွင် ဂေါဇာနေမင်း ဗြိစ္ဆာချင်း၍အစချီသော ဟိတကာရီကျမ်းလင်္ကာကို ကိုးကား၍လည်းကောင်း "သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေညဲ့ကြည်ငင်"ဟူသော ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ လူးတားကိုထောက်၍လည်းကောင်း၊ ကမ္ဘာဦးကာလက နတ်တော်လတွင် မဟာပိန္နနတ်မင်းကို ပူဇော်ပသလေ့ရှိကြသည်ဟုဖွင့်ဆို၏။ ဒုတိယအင်းဝခေတ်ဦးပိုင်းခန့်တွင် နတ်တော်လတွင် မဟာဂီရိနတ်ပွဲအစား မဟာပိန္နနတ်ပွဲကို ရာသီပွဲအဖြစ် ကျင်းပသည်ဟု ခန့်မှန်းရ၏။

ထိုမဟာပိန္နပူဇော်ပွဲမှာ ရှေးရှေးက မြန်မာ့ရိုးရာပွဲတစ်ခုဖြစ်သည်။ သို့သော် ဗုဒ္ဓ၏ကျမ်းဂန်များအရ ဓမ္မကြောင်းနွယ်သည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်မျိုးမဟုတ်ပါ။ ဟိန္ဒူပြဟ္မဏပုဏ္ဏားတို့၏ ဘုရင်မင်းမြတ်များ၏ လောကီကျိုးအတွက် လောကီကျမ်းများအရ စီမံခဲ့ကြသော ပူဇော်ပွဲမျိုးဖြစ်၏။ ဘုရင့်နောင်မင်းတရားကြီးလက်ထက် ကောဇာနှစ် ၉၁၈ နှစ်ခန့်၌ မဟာဂီရိနတ်၊ မဟာပိန္နနတ် ကိုးကွယ်ကြခြင်းမှ နိုင်ငံတော်အတွက် အကျိုးပြုစေနိုင်သော ကာယသတ္တိ၊ လက်ရုံးရည်နှင့် ဉာဏဗျတ္တိနှလုံးရည်တို့နှင့် ပြည့်ဝထူးချွန်သူများအား ပူဇော်ချီးမြှောက် ဂုဏ်ထူးဘွဲ့ထူးများပေးကာ ပြုပြင်ပြောင်းလဲခဲ့သည်။

တောင်ငူခေတ် မဟာဓမ္မရာဇာလက်ထက် ကောဇာနှစ် ၉၇၁ ခန့်က မင်းဇေယျရန္တမိတ်က စုလစ်ရွှေစင်ရတုတွင် "နတ်လသဘင် ဖျဉ်လည်းရုံထပ်၊ ဘွဲ့တပ်မည်ပေး၊ ဆုန်းရေးတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရှု၊ နန်းရတုကို---"စသည်ဖြင့် နှလုံးရည်၊ လက်ရုံးရည်သတ္တိစွမ်းအားပြသခဲ့သူများကို ဆင်ဖမ်းပွဲသဘင်ကျင်းပ၍ ရွေးချယ်ကာ ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်ပူဇော်ကြောင်းကို မှတ်တမ်းပြုထားသည်ကို လေ့လာရပေ၏။ ကုန်းဘောင်ခေတ် ကောဇာနှစ် ၁၁၄၃ခန့်၌ ဘိုးတော် ဗဒုံမင်းကြီးကလည်း လောကနာထကြီးမြတ်သောပုဂ္ဂိုလ်များပမာ မြင့်မြတ်ထူးချွန်ကြသူ ပညာရှင်ကြီးများ၊ စာဆိုရှင်ကြီးများကို ဂုဏ်ပြုချီးမြှင့်ပူဇော်ခဲ့ကြောင်းကို မိန့်ဆိုထားခဲ့ကြ၏။

နတ်တော်လနှင့် စပ်လျဉ်း၍ ဖော်ပြရသော် ရှေးဟောင်းစာပေအစဉ်လာကောင်းကို မျက်မှောက်ခေတ်စာပေရှင်များအတွက် မျိုးချစ်စာဆိုရှင်ကြီးများသည် ၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက် (၁၃၀၆ ခုနှစ်) ဒုတိယကမ္ဘာစစ်ကာလအတွင်းကပင် ဤလအခါကို စာပေတိုးတက်ဖွံ့ဖြိုးရေးအား ရည်ရွယ်၍ စာဆိုတော်လအဖြစ် သတ်မှတ်ပြဌာန်းပေးခဲ့ကြ၏။ စာဆိုတော်နေ့ အခါသမယသည် စာပေပညာရှင်များအားလုံးအတွက် အထွတ်အမြတ်ပြုစရာ၊ ဂုဏ်ယူဖွယ်ရာ နေ့ထူးနေ့မြတ်ဖြစ်ပေသည်။

မြန်မာတို့၏စာပေသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပါ၏။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို အကဲဖြတ်ရာ၌ စာပေသည် အဓိကအခြေပြုရသော ယဉ်ကျေးမှုကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။ "အလိမ္မာစာမှာရှိသည်"၊ "စာပေမြင့်မှ လူမျိုးတင့်မည်"၊ "အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်" ဟူသော ညွှန်းဆိုမှုများသည် နိုင်ငံနှင့်လူမျိုးအတွက် စာပေပညာရှင်တို့၏ လေးနက်သောအခန်းကဏ္ဍကို မီးမောင်းထိုးပြလျက်ရှိပေ၏။

ငွေနှင်းမှုန်တို့ ဝေ့ကာဝဲကာ အေးချမ်းနေသည့် ဆောင်းရာသီတွင် စာဆိုတော်နေ့ အခမ်းအနားကို ရက်သတ္တပတ်ကာလအထိ ကြာရှည်စွာ ကျင်းပကြ၏။ စာဆိုတော်နေ့ အကြို၊ စာဆိုတော်နေ့ နောက်ပိုင်းကာလအထိ တစ်လကျော်ကျော် ကျင်းပကြသည်ကို တွေ့ရပေသည်။ အချိန်ကာလရှည်ကြာခဲ့၏။ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများအပြင် လေ့လာရေးလုပ်ငန်းတို့ကိုပါ ဆောင်ရွက်လုပ်ဆောင်လာကြ၏။ စာပေဂုဏ်၊ ဝယဝုဒ္ဓိဂုဏ်တို့ဖြင့် ပြည့်စုံသော စာပေပညာရှင်ကြီးတို့၏ အကျိုးကျေးဇူးကို အစဉ်သတိရစေရန် မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် သက်ကြီးစာပေ ပညာရှင်ကြီးတို့အား ဦးညွတ်ကော်ရော် ပူဇော်ကန်တော့ကြသော အစဉ်အလာရှိခဲ့၏။ ဤသို့ ရှည်လျားကြွယ်ဝလှသော စာပေသမိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုကြသော စာပေမြတ်နိုးသူတိုင်း၏ တာဝန်ကို သဇင်ပွင့်ချိန် လနတ်တော်ရောက်တိုင်း မမေ့မလျော့ သတိရနေမည်ဖြစ်သည်။

အထက်ကဖော်ပြပြီးသောနတ်တော်လနှင့်ပတ်သက်၍ ဂမုန်းသဇင်တည်းဟူသော ရာသီပန်းများပွင့်လန်းကြသည်။ ကျေးငှက်သာရကာတို့ အပျော်မြူးဆုံး အချိန်အခါဖြစ်သည့် တောင်လည်းသာမော တောလည်းနုပျို လျက်ရှိနေလေ၏။ ထို့ကြောင့် သာယာသော၊ ထူးခြားသော၊ ပူဇော်ကြသော လနတ်တော်နှင့်သဇင်ပွင့်ချိန်ကို ဖော်ကျူးရပေသည်။ ။

---


## ယဉ်ကျေးလိမ္မာကလေးတရားစခန်းဖွင့်မည်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတ ဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၌ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များအတွက် ယဉ်ကျေးလိမ္မာကလေး တရားစခန်းကို ဖွင့်လှစ်မည်ဖြစ်ရာ အသက် ၁၆ နှစ်မှ ၂၅ နှစ်အထိ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအတွက် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ၊ (၇၊ ၈၊ ၉)အတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ဒီဇင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ၊ (၅၊ ၆) အတန်းများအတွက် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ၊ (၃၊ ၄) အတန်းများအတွက် ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တရားစခန်းသို့ မွန်းလွဲ ၁ နာရီ အရောက်လာကြရန်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသော အသက် ၁၆ နှစ်မှ ၂၅ နှစ်အထိ လူငယ်များသည် ဒီဇင်ဘာ ၁၄ ရက်၊ (၇၊ ၈၊ ၉)အတန်းများသည် ဒီဇင်ဘာ ၁၆ ရက်၊ (၅၊ ၆)အတန်းများသည် ဒီဇင်ဘာ ၁၈ ရက်၊ (၃၊ ၄) အတန်းများသည် ဒီဇင်ဘာ ၂၂ ရက်တို့တွင် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းပြီး ပတ်စ်ပို့ဓာတ်ပုံ (၂)ပုံနှင့် ကျောင်းသားကတ်မိတ္တူ(သို့) မှတ်ပုံတင်မိတ္တူ(၁)စောင်စီဖြင့် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

| | | |
|---|---|---|
| ရှိုင်းဟုပ်ကုမ္ပဏီ | ဖုန်း | - ၇၀၅၅၅၈၊ ၅၃၈၂၆၈၊ ၀၉-၅၁၁၆၉၂၁၊ ၀၉-၅၀၄၈၈၇၃ |
| ဇာနည်ညီနောင်ဆေးဆိုင် | ဖုန်း | - ၂၉၃၅၆၇ |
| ဦးသိန်းဝင်း | ဖုန်း | - ၅၄၀၀၉၂ |
| ဦးလှကြည် | ဖုန်း | - ၂၄၅၇၃၃ |
| ဓမ္မဒူတ(မှော်ဘီ) | ဖုန်း | - ၆၂၀၅၂၀ |
| ဦးမျိုးမြင့်(ပဲခူး) | ဖုန်း | - ၀၅၂-၂၂၁၃၆ |
| ဒေါ်မြမြဆွေ(နယ်မြို့များ) | ဖုန်း | - ၀၉-၅၀၂၁၄၈၉ |

**(အရှင်ဆေကိန္ဒ)**

## သုခကမ္ဘာအထူးကုဆေးခန်းကြီး

### သူနာပြုအကူ နှင့် ဆေးဝါးကျွမ်းကျင် သင်တန်းများ လျှောက်လွှာခေါ်ယူခြင်း

သူနာပြုအကူ – ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက် (၂၅)ဦး
ဆေးဝါးကျွမ်းကျင် – ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက် (၂၅)ဦး

သင်တန်းများကာလမှာ(၃)လဖြစ်ပြီး၊ အခြေခံပညာ အလယ်တန်းနှင့်အထက်တန်းရှိသူများလျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်လိုသူများသည် 'သုခကမ္ဘာအထူးကုဆေးခန်းကြီး' အမှတ်-၆၁၅(အီး) ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၅၀၀၁၀၀၊ ၅၀၄၅၄၅၊ ၅၂၆၃၂၉၊ ၅၀၀၅၅၁၊ ၅၀၅၂၀၀

## ဘွဲ့လက်မှတ်ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်မ ဘာဇာန်သီး ဝိဇ္ဇာဘွဲ့(အထူးပြုဘာသာ-ပထဝီ) ဘွဲ့မှတ်ပုံတင်အမှတ် (၂၈၉၁၁၂)မူရင်းကို သိမ်းဆည်းထားရာမှ ရွှေပြည်သာမြို့နယ်တွင် ပျောက်ဆုံးခဲ့ပါသည်။ အခြားသူတစ်ဦးမှ မမှန်မကန် အသုံးမပြုရန် တားမြစ်ပါသည်။

**မဘာဇာန်သီး**
**[၇/ပမန(နိုင်)၀၉၁၀၅၇]**
**အမှတ်(၇၄)၊ ၆-လွှာ၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**

Sayar Yang Great Wall — စကားပြောရုံပဲဆိုရင် (တရုတ်စာ)မတတ်လည်းပြောလို့ရတယ်။
တရုတ်စကားပြော (Spoken Chinese Only)

စကားပြောဆိုတာ လေ့ကျင့်ပေးမှ ကျွမ်းကျင်မို့ — ANTONY Great Wall
Practice Makes Perfect
အင်္ဂလိပ်စကားပြော

လသာ ။ 78/82,လသာလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ ချယ်ရီမုန့်အပေါ်ထပ်။
တာမွေ ။ တာမွေအဝိုင်း၊ထိပ်ပါးမီးပွိုင့်ဘေး။ 395734, 540714

**ယမင်းသူ**
ခရီးစဉ်အမျိုးမျိုးသွားရန်နှင့်လချုပ် ငှားရမ်းရန်ကားမျိုးစုံရှိသည်။
ယာဉ်/အိမ်/မြေပိုင်ရှင်များဆက်သွယ်ပါ
709255, 09 5136421

## 12/12/09နှင့် 14/12/09စမည် MR. COOK Ph: 09-5506333

အပြည်ပြည်ဆိုင်ရာဟင်းလျာများချက်ပြုတ်နည်းနှင့်ဟင်းအလှဆင်နည်းလက်တွေ့သင်တန်း

1. အပတ်စဉ် (*Sun-Am 11:30 To 12:30*)ဟင်းလျာ(*MAIN DISH*)ချက်ပြုတ်နည်းပညာ ဒါနရှိသည် (အခမဲ့)
2. တရုတ်/ထိုင်းအစားအစာလက်တွေ့ချက်ပြုတ်အလှဆင်နည်းသင်တန်း (50000/-) (4 weeks)
   (Hot potကြက်ဆီထမင်း၊တုန်ယမ်းဟင်းချို၊ငါးခူမှကြော်၊ကြက်ဥအစာသွတ်၊ရေခဲမုန့်ကြော်အပါအဝင်(၄၀)မျိုး)
3. မြန်မာပြည်တွင်အစားများသောတရုတ်အစားအစာချက်ပြုတ်နည်းသင်တန်း (30000/-)(2/5weeks)
   (ကြေးအိုး၊ဆီချက်၊ဖက်ထုပ်၊ကော်ရည်၊ခေါက်ဆွဲကြော်၊ထမင်းပေါင်း၊ ကုန်းဘောင်ကြော်၊ရှိုးချဉ်ကြော် (၂၀)မျိုးကျော်)
4. အခြေခံအကင်နှင့်ဆော့စ်ပြုလုပ်နည်းသင်တန်း (50000/-)(2/5 weeks)
   (ကြက်ဆာတေး၊ကြက်ကင်၊ဝက်ကင်၊နံကင်၊ဆိတ်ကင်၊ပင်လယ်စုံကင်နှင့်ဟင်းသီးဟင်းရွက်ကင်များ)
5. အဆင့်မြင့်အကောင်လုံးအကင်ပြုလုပ်နည်းသင်တန်း (50000/-) (4 days)
   (ဘဲကောင်လုံးကင်၊ကြက်ကောင်လုံးကင်၊ဝက်ခေါက်ကင်၊နံကင်၊ငါးကောင်လုံးကင်)
6. ဒမ်ဆမ်း (DIM-SUM) ပြုလုပ်နည်းသင်တန်း (50000/-) (3 weeks)
   (နိုင်လွန်ပုစွန်၊ဝက်သားပေါင်း၊ပေါက်စီ၊ဒမ်ဆမ်းအကြာကျေး၊ ဝက်သားပေါင်း၊ကျွတ်ကြော်အပါအဝင်အမျိုး၃၀)
7. ခြေလေးချောင်းသား မစားသူများအတွက်ပင်လယ်စာချက်ပြုတ်နည်းသင်တန်း(100000/-)(2/5weeks)
8. ရှမ်းရိုးရာအစားအစာ လက်တွေ့ချက်ပြုတ်နည်းသင်တန်း (50000/-) (2/5weeks)
9. ဂျပန်ရေညှိဆူရှီထမင်းလိပ် (SU SHI) ပြုလုပ်နည်းလက်တွေ့သင်တန်း (50000/-) (4 days)
10. အဆင့်မြင့်သစ်သီးဖျော်ရည်(FRESH FRUIT JUICE)လက်တွေ့သင်တန်း (50000/-) (2/5weeks)
   (SMOOTHIE, FRUIT MILK SHAKE၊ ဥနီ၊ လိုင်ချီးမင်းကွတ်၊ ဒူးရင်း၊ သင်္ဘောမွှေးအပါအဝင်(၂၀)မျိုး
11. လက်သည်းပန်းချီပုံဖော်နည်းလက်တွေ့သင်တန်း(HAND PRINTED NAIL ART) (50000/-) (5weeks)

ပြည်တွင်း/ပတွင်ချက်ပြုတ်ပညာရပ်ဖြင့်သက်မွေးဝမ်းကျောင်းပြုလိုသူများ ... FAST FOOD ဆိုင်၊ ... (menu)ကို ... ကျောင်းသူ/သားများ ကိုယ်တိုင်ချက်ပြုတ် အလှဆင်ရမည့်ကုန်ကြမ်း တစ်ရက် (၂၅၀၀)၊လက်တွေ့ချက်ပြုတ်ပြီးသော ဟင်းများကို အိမ်ပြန်သယ်ခွင့်ရှိသည်။

(၁၂၈)၊ ဒုတိယထပ်၊ ၁၄လမ်း (အပေါ်အလယ်)လမ်းတို့၊ လမ်းမတော်မြို့နယ်၊ ဖုန်း /၀၉-၅၅၀၆၃၃၃

သင့်အတွက် ပညာ၊ အလုပ်နှင့်ဘဝ တိုးတက်မှုအတွက် တစ်နေရာတည်းတွင် တစ်ဆက်တည်း ရရှိနိုင်မည့် အခွင့်အလမ်း

**MCC TRAINING INSTITUTE**

**NEW CITY - NEW CAMPUS**
**B.Sc (Hons) Business IT, The University of Greenwich (UK)**

- *Integrated Teaching, Learning and Working environment*
- *WiFi Internet Access*
- *Campus Life Style*
- *On - the - Job Training*
- *Skill Certification*
- *Four Skill English Support (IELTS preparation)*



Yatanarpon Cyber City တွင် တက်ရောက်နိုင်ပါပြီ။ ဖွင့်ရက် - ဒီဇင်ဘာ (၇)ရက် ၂၀၀၉ခုနှစ်

Day Student အဖြစ် Yangon Campus တွင် တက်ရောက်နိုင်ပါပြီ။ ဖွင့်ရက် - ဒီဇင်ဘာ (၂၁)ရက် ၂၀၀၉ခုနှစ်

**Contact us** ➡ MCC (ရုံးချုပ်) ဖုန်း - ၂၄၅၇၃၅၈၊ ၂၄၅၇၆၂၊ ၃၉၅၅၁၂၊၂၄၉၁၅၂။ နီးစပ်ရာ MCC Franchise Center များ
MCC (ရတနာပုံ) ဖုန်း - ၀၂-၇၈၁၁၂ ၊ ၀၂-၇၈၁၁၄၊ ၀၉-၅၀၆၇၁၆၅။

## English Speaking

အင်္ဂလန်ပြန် ဆရာတစ်ဦးသည် အင်္ဂလိပ်စကားပြောကို အခြေခံမှစ၍ အိမ်အထိ လိုက်သင်ပေးနေပါသည်။ နိုင်ငံခြားသွားခါနီးသူများနှင့် ပိုသွက်အောင် လေ့ကျင့်လိုသူများလည်း ဆက်သွယ်ပါ။

**ဆရာဂျင်မီ ဖုန်း-၀၉-၅၁၇၀၈၉၅**

## ကျေးဇူးဆပ်ပါမည်

၅-၁၂-၂၀၀၉ ရက် ည ၁၀း၃၀ နာရီခန့်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာအနီး၌ ခွေးအမျိုးအစား Golden RETRIEVER ရွှေအိုရောင်၊ အမွေးရှည် ၂ ပေ ၆ လက်မ အသက် ၈ နှစ်ခန့်ရှိ ပိစူဟုခေါ်သော ခွေးတစ်ကောင်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**အမှတ်(၂၂)B၊ ကမ္ဘာအေး ဘုရားလမ်း(ဗဟန်း)**
**ဖုန်း-၅၄၁၉၉၇၊ ၀၉-၅၁၂၄၉၇၈**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

☆ နားမယောင်လေနဲ့ သတိထား။

# မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကြီးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကြီးကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကြီး အောင်မြင်ရေး စွမ်းအားကုန် ဆောင်ရွက်သွားမည်

**နေပြည်တော်　　ဒီဇင်ဘာ　　၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား (The Destruction Ceremony of Narcotic Drugs in Eastern Shan State) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong တို့ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြစဉ်။** (သတင်းစဉ်)

**ယနေ့ ကြေးမုံ ဆောင်းပါးအညွှန်း**

***ချမ်းမြအေး၏* စိတ်ရင်းစေတနာမှန်ပြီး ရိုးသားမယ်ဆိုရင် *ဆောင်းပါး* စာမျက်နှာ (၆)တွင် ဖတ်ရှုနိုင်ပါသည်။**